http://www.dhammadownload.com

သစ္စာရွှေစည်စာစဉ်(၂၃)

# နေကျမ္ပပါရမီ

## အရှင်ဥတ္တမ

(သစ္စာရွှေစည်)

အရှင်ဝိလာသဂ္ဂါလင်္ကာရ တည်းဖြတ်သည်

မွေဒါန

http://www.dhammadownload.com

# နေကြမ္မပါရမီ

အမောင်သုမေဓာ
သင်သည် ဘုရားအဖြစ်ကို အလိုရှိပြားအံ့...

အချုပ်ထောင်ထဲ၌ ကြာမြင့်စွာ
အနှိပ်စက်ခံနေရသောသူသည်
ထိုအချုပ်ထောင်ကို မြတ်နိုးခြင်းမရှိဘဲ
လွတ်မြောက်ခွင့်ကိုသာ ရှာဖွေနေသကဲ့သို့
ထို့အတူ ...
သင်သည်လည်း အလုံးစုံသောဘဝကို
အချုပ်ထောင်ကဲ့သို့ အောက်မေ့၍
ထိုဘဝထောင်မှ လွတ်မြောက်အောင် ကြိုးစားပါလော့ ....။

(ငုပွဝင်ပါဠိဆော်)

အရှင်ဥတ္တမ
(သစ္စာရွှေစည်)

မြေဝါနအလှူရှင်

http://www.dhammadownload.com

သစ္စာရွှေစည်စာစဉ်(၂၃)

# နေကျမ္ဘပါရမီ

## ဝါရစီဆယ်ဝါး ဖြတ်တရားဒေထနာ

အရှင်ဥတ္တမ
(သစ္စာရွှေစည်)

အရှင်ဝိလာသဂ္ဂါလင်္ကာရ တည်းဖြတ်သည်။

http://www.dhammadownload.com

# သစ္စာရွှေစည်စာစဉ်(၂၃) ပုံနှိပ်မှတ်တမ်း

၂၀၁၈-ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ(၅၀၀၀)

**တန်ဖိုး(၂၀၀)ကျပ်**


ကွန်ပျူတာစာစီ ♦ ဓမ္မဗျူဟာ-ဒေါ်ငွေးငွေးအောင်

ထုတ်ဝေသူ ♦ ဦးသီဟအောင် (၀၁၆၁၆)
သဒ္ဓမ္မစာပေတိုက်၊ အမှတ်(၉၈)၊ ဦးကြင်ဥလမ်း
၃၂-တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊
ရန်ကုန်မြို့။

ပုံနှိပ်သူ ♦ ဒေါ်လှလှမြိုင် (၀၀၁၁၆)
မိဘမေတ္တာပုံနှိပ်တိုက်၊ ၅၄၄-အင်းတော်လမ်း၊
စက်မှုဇုံ(၂)၊ တောင်ဒဂုံမြို့သစ်၊ ရန်ကုန်မြို့။

**သစ္စာရွှေစည်စာစဉ်များကို**
**အုပ် (၁၀၀)နှင့်အထက်**
**ဓမ္မဒါနပြုလိုသူများအတွက်**
**တစ်အုပ်လျှင် (၁၅၀)**

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နေကွမ္မပါရမီ | ၁ |
| ၂။ | နေကွမ္မပါရမီဥပမာ | ၃ |
| ၃။ | နေကွမ္မသဘော | ၆ |
| ၄။ | နေကွမ္မရဲ့ တရားကိုယ် | ၇ |
| ၅။ | နေကွမ္မတရား ငါးမျိုး | ၉ |
| ၆။ | အဓိကအကျဆုံးပါရမီ | ၁၁ |
| ၇။ | ဘုရားပွင့်တော်မူရခြင်း၏အဓိကရည်ရွယ်ချက် | ၁၂ |
| ၈။ | နေကွမ္မတရား၏ နီးစွာသောအကြောင်း | ၁၃ |
| ၉။ | နွားနှစ်ကောင်ဥပမာ | ၁၄ |
| ၁၀။ | မိဂဇာလမထေရ်ရဲ့အမေး | ၁၅ |
| ၁၁။ | တစ်ယောက်တည်းနေသူ | ၁၇ |
| ၁၂။ | နာဂိတသုတ္တန် | ၁၉ |
| ၁၃။ | မဟာဇနကဇာတ် | ၂၁ |
| ၁၄။ | သရက်ပင်ဥပမာ | ၂၄ |
| ၁၅။ | မဟာဇနကမင်းကြီး တောထွက်ခြင်း | ၂၈ |
| ၁၆။ | လက်ကောက်ဥပမာ | ၃၃ |
| ၁၇။ | မြားဖြောင့်ပုံဥပမာ | ၃၅ |
| ၁၈။ | ဖြူဆံမြက်ဥပမာ | ၃၇ |
| ၁၉။ | အတားအဆီးနှစ်မျိုး | ၃၉ |
| ၂၀။ | စိတ္တဟတ္ထမထေရ် | ၄၀ |
| ၂၁။ | ကုဒါလပဏ္ဍိတဇာတ် | ၄၄ |
| ၂၂။ | နေကွမ္မပါရမီ မဖြည့်နိုင်ခြင်း၏အကြောင်း | ၄၇ |
| ၂၃။ | လဋ္ဌကိကောပမသုတ္တန် | ၄၈ |
| ၂၄။ | ဘီလုံးငှက်ဥပမာ | ၅၁ |
| ၂၅။ | စစ်ဆင်ကြီးဥပမာ | ၅၂ |
| ၂၆။ | ဆင်းရဲဥပမာ | ၅၃ |
| ၂၇။ | သူဌေးဥပမာ | ၅၄ |
| ၂၈။ | ဗလငါးတန် | ၅၅ |
| ၂၉။ | နေကွမ္မပါရမီတရားတော် အနှစ်ချုပ် | ၅၇ |

http://www.dhammadownload.com

# "သစ္စာရွှေစည်စာစဉ်များ" ရနိုင်သောဌာနများ

၁ သစ္စာရွှေစည်ကျောင်းတိုက်၊ ရွှေမင်းဝံရပ်၊ **စစ်ကိုင်းမြို့**။
(၀၇၂-၂၂၉၀၁၊ ၀၉-၄၉၂၆၉၃၃၀၊ ၀၉-၄၂၅၃၇၃၁၀၇)

၂ သစ္စာရွှေစည်ကျောင်းတိုက်၊ ရွှေမှန်တင်ကျေးရွာ၊
ကျွန်းကလေးအုပ်စု၊ **လှည်းကူးမြို့**၊ ရန်ကုန်တိုင်း။
(၀၉-၄၄၈၀၀၉၇၆၆၊၀၉-၂၅၄၀၀၁၉၄၆)

၃ **မြနန်းရှင် ကျောက်စီပန်းချီ**၊ ၅၂၊ မြေညီထပ်၊ ကြွေ(၁)ရွှေ့၊
သမိုင်းဘူတာရုံလမ်း၊ သမိုင်းလမ်းဆုံအနီး၊ **မရမ်းကုန်း**
(၀၁-၆၆၃၀၄၂၊ ၀၉-၅၀၈၇၆၁၉၊ ၀၉-၇၃၀၀၉၆၇၆)

၄ **ဝိမုတ္တိတရားအလှူတော်နှင့် ယူနီကွန်ပျူတာ**
တိုက်-၁/၀၀၁ ၊ အနောက် အောင်မြေသာစည်အိမ်ရာ၊
ဆင်ရေတွင်း မှတ်တိုင်အနီး၊ **ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**။
(၀၁-၅၀၀၇၄၀ ၊ ၀၉-၅၀၉၈၀၉၀)

၅ ဒေါ်ဌေးဌေးအောင် (**ဓမ္မဗျူဟာစာစောင်**)
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**။(၀၁-၅၄၆၅၃၃၂၊ ၀၉-၃၀၀၉၄၅၅၀၆)

၆ ဦးဘိုး+ဒေါ်အုန်းကြည်(ပရဆေးဆိုင်)
အမှတ် ၄၆၇-၄၆၈၊ သိမ်ကြီးဈေး(ဒီရုံ)၊ **ရန်ကုန်မြို့**။
(၀၁-၂၄၀၆၀၀၀ လိုင်းခွဲ ၄၁၇၄)

၇ ဦးဝင်းကို+ဒေါ်ပေါက်၊ ၃၆-လမ်း၊ ၈၇-၈၈ ကြား၊
မစိုးရိမ်တိုက်ဟောင်းမြောက်ပေါက်၊ ရတနာပုံဆီစက်ဝင်း၊
**မန္တလေးမြို့**၊ (၀၂-၆၃၉၅၆၊ ၀၉-၅၁၄၉၈၈၅)

၈ ဒေါ်မဉ္ဇူ (ရွှေဒေါင်းယဉ်သင်္ကန်းတိုက်)၊ ဘုရားကြီးလမ်း၊
**မုံရွာမြို့**။ (၀၇၁-၂၁၂၉၇၊ ၀၉-၂၁၃၀၇၈၃)

http://www.dhammadownload.com



သာသနာတော်နှစ် ၂၅၆၀-ခု၊
ကောဇာသက္ကရာဇ် ၁၃၇၈-ခု၊ ကဆုန်လပြည့်ကျော်(၃)ရက်၊
(၂၄.၅.၂၀၁၆)၊ တနင်္လာနေ့တွင် ဓမ္မဒါနအလှူရှင်
ဖခင်ကြီး ဦးမောင်ခိုင်အား ရည်စူး၍
မိခင်ကြီး ဒေါ်မြင့်မြင့်အား အမှူးထား၍
ဒေါက်တာရဲထွဋ်ဦး + ဒေါ်ချိုချိုထွန်း၊ ရွှေကုံကော်ဆေးဆိုင်
မြောက်ဥက္ကလာပမြို့နယ် မိသားစုတို့၏
ဓမ္မဒါနကို အကြောင်းပြု၍
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊
တံတားလေးလမ်း၀၊ သာသနာရေးနှင့် ယဉ်ကျေးမှု၀န်ကြီးဌာန၊
ဓမ္မူသီရိ ဓမ္မဗိမာန်တွင် ဟောကြားအပ်သည့်

# "နေကွမ္မပါရမီ"

## ပါရမီဆယ်ပါး မြတ်တရားဒေသနာ

ဒီကနေ့ည တရားတော်မြတ်ကို နာယူ ကြည်ညိုကြဖို့ ရောက်ရှိလာကြတဲ့ အားလုံးသော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ကို ဦးဇင်းတို့ ဘာတရား ဟောမှာလဲဆိုလို့ရှိရင် ပါရမီဆယ်ပါးထဲက တတိယမြောက်ပါရမီဖြစ်တဲ့ 'နေကွမ္မပါရမီ။'

http://www.dhammadownload.com



ဘယ်ကနေ စတင်ပြီးတော့ နာယူ မှတ်သားကြ မလဲဆိုရင် -

ဘုရားလောင်သုမေဓာရှင်ရသေ့ လူတွေ နတ်တွေက ပူဇော်ထားတဲ့ ပန်းပုံကြီးပေါ်မှာ ထိုင်ရင်း ဘုရားအဖြစ်ကို ပြုတတ်တဲ့ တရားတွေဟာ ဘယ်လို တရားတွေလဲလို့ ပါရမီနှင့် ပတ်သက်ပြီးတော့ စဉ်းစားဆင်ခြင်တဲ့ ဉာဏ်ကို ပါရမီပဝိစယဉာဏ်လို့ မန္တေက ပြောခဲ့ပြီနော်။

ဘုရားလောင်း သူတော်ကောင်းကြီး ဒုတိယမြောက် စဉ်းစား ဆင်ခြင်တဲ့ ပါရမီက ဘာတဲ့လဲ၊ 'သီလပါရမီ'။

တတိယမြောက်ပါရမီကို ဆက်လက် စဉ်းစား ဆင်ခြင်ပုံလေးကို ဗုဒ္ဓဝင်ပါဠိတော်ထဲမှာ ဘယ်လို ဟော ထားလဲဆိုတော့ -

**'နဟေတေ စတ္တကာယေဝ၊ ဗုဒ္ဓဓမ္မာ ဘဝိဿရေ။**
**အညေပိ ဝိစိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။'**

ဘုရားအဖြစ်ကို ပြုတတ်တဲ့ တရားတွေဟာ ဒါန၊ သီလမျှတင် မကသေးဘူး။ နောက်ထပ်လည်း ရှိရလိမ့်ဦးမယ်။ ဒါကြောင့် တခြားသော ဘုရားအဖြစ်ကို ပြုတတ်တဲ့ ပါရမီတရားတွေကို ငါ စူးစမ်း ရှာဖွေဦးမယ်။

http://www.dhammadownload.com



**'ဝိစိနန္တော တဒါ ဒက္ခိ၊ တတိယံ နေက္ခမ္မပါရမိ။**
**ပုဗ္ဗကေဟိ မဟေသီဟိ၊ အာသေဝိတနိသေဝိတံ။'**

စူးစမ်း ရှာဖွေတဲ့အခါမှာ တတိယမြောက် နေက္ခမ္မ ပါရမီဆိုတာကို တွေ့ရတယ်။

**'ဣမံ တွံ တတိယံ တာဝ၊ ဒဋ္ဌံ ကတွာ သမာဒိယ။**
**နေက္ခမ္မပါရမိတံ ဂန္ဓ၊ ယဒိ ဗောဓိ ပတ္တုမိစ္ဆသိ။**

တတိယမြောက်ဖြစ်တဲ့ နေက္ခမ္မပါရမီကို သင်ဟာ ဖြည့်ကျင့်မယ်ဆိုလျှင် သင်အလိုရှိတဲ့ သဗ္ဗညုတ ဉာဏ်ကို ရလို့ ဘုရားစင်စစ် ဧကန် ဖြစ်လိမ့်မယ်။ အဲ့သလို ဘုရားလောင်း သူတော်ကောင်းကြီးက သူ့ကိုယ်သူ ဆုံးမတယ်။

## နေက္ခမ္မပါရမီဥပမာ

နေက္ခမ္မပါရမီကိုလည်းပဲ ဘုရားလောင်းက ဥပမာလေး ပေးပြီးတော့ ကျင့်သုံးဖို့ ဆုံးမတယ်။

'ဒါနပါရမီ'ကို ပေးခဲ့တဲ့ ဥပမာက တစ်စုံတစ်ခု သော အရာဖြင့် ပြည့်နေသောအိုးကို မှောက်ထား လိုက်သလိုမျိုး တောင်းရမ်းလာတဲ့ ပုဂ္ဂိုလ်ကို တွေ့လို့ ရှိလျှင် အယုတ် အလတ် အမြတ် မရွေးဘဲ အကြွင်း အကျန်မရှိ အလှူဒါနကို ပေးလှူရမယ်။

http://www.dhammadownload.com



'သီလပါရမီ' နှင့် ပတ်သက်ပြီး ပေးခဲ့တဲ့ဥပမာက စမရီသားကောင်သည် သူ့ရဲ့အမြီးကို အသက်နှင့် လဲပြီးတော့ ကာကွယ် စောင့်ရှောက်သလိုမျိုး ကိုယ်ကျင့် သီလကို အသက်နှင့် လဲပြီးတော့ မပျက်စီးအောင် ကာကွယ် စောင့်ရှောက်ရမယ်။

'နေက္ခမ္မပါရမီ' ကိုကျတော့ ဘုရားလောင်း သူတော်ကောင်းကြီးက ဘယ်လို ဥပမာပေးပြီးတော့ ဆုံးမသလဲ။

**'ယထာ အန္ဒုဃရေ ပုရိသော၊ စိရဝုတ္ထော ဒုခဋ္ဌိတော။ နတ္ထ ရာဂံ ဇနေသိ၊ မုတ္တိယေဝ ဂဝေသတိ'** တဲ့။

ဥပမာက အလွန်ကို လေးနက်တယ်။

**ယထာပိ**- ဥပမာအားဖြင့်၊ **အန္ဒုဃရေ**- အချုပ်ထောင်ထဲမှာ၊ **စိရဝုတ္ထော**- ကြာမြင့်စွာ နေနေရတဲ့၊ **ဒုခဋ္ဌိတော**- ဆင်းရဲကြီးစွာ အနှိပ်စက်ခံနေရတဲ့၊ **ပုရိသော**- ယောကျ်ားသည်၊ **တတ္ထ**- ထိုအချုပ်ထောင်၌၊ **ရာဂံ**- မက်မောမှုကို၊ **နဇနေသိယထာ**- မဖြစ်စေသကဲ့သို့၊

အချုပ်ထောင်ထဲမှာ အချိန်ကာလ ကြာမြင့်စွာ အကျဉ်းကျပြီးတော့ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းနှင့် အနှိပ်စက်ခံပြီးတော့ နေနေရတဲ့ အချုပ်သားတစ်ယောက်

http://www.dhammadownload.com



ဟာ အဲ့ဒီအချုပ်ထောင်ကြီးအပေါ်မှာ မက်မောတဲ့စိတ်၊ နှစ်သက်တဲ့စိတ် သူ့မှာ မရှိဘူး။

**"နံ တတ္ထ ရာဂံ ဇနေသိ၊**
**မုတ္တိယေဝ ဂဝေ သတိ"**

**မုတ္တိယေဝ**- လွတ်မြောက်ခြင်းကိုသာလျှင်၊ **ဂဝေ သတိ**- သူဟာ အမြဲတမ်း ရှာဖွေနေတယ်။

ကိုယ်ကိုယ်တိုင် အချုပ်သားတစ်ယောက်အဖြစ် စိတ်ကူးကလေးနှင့် ဖြစ်ကြည့်ပေါ့။ အချုပ်ထောင်ထဲမှာ နေရတယ်ဆိုတာ ချမ်းချမ်းသာသာ မရှိဘူး။ အလွန်ပင်ပန်း ဆင်းရဲကြီးစွာဖြင့် နေနေရတာ။ ခဏ နေရတဲ့ အချုပ်သားလားဆိုတော့လည်း မဟုတ်ဘူး။ 'စိရ ဝုတ္ထော' အချုပ်ထောင်ထဲမှာ နေနေရတာ ကြာလှပြီတဲ့။ သက်သက်သာသာ ချမ်းချမ်းသာသာ နေရတာလားဆိုတော့လည်း မဟုတ်ဘူး။ အလွန် ပင်ပန်း ဆင်းရဲကြီးစွာဖြင့် နေနေရတယ်။ အဲ့လိုလူဟာ အချုပ်ထောင်ရဲ့ အပေါ်မှာ မက်မောစိတ် မရှိဘဲနှင့် လွတ်မြောက်ခွင့်ကို သာလျှင် ရှာဖွေနေသလိုမျိုး။

**တထေဝ**- ထို့အတူသာလျှင်၊ **တွံ**- သင်သည်၊ **သဗ္ဗဘဝေ**- အလုံးစုံသော ဘဝကို၊ **အန္ဓပုထုရေ ဝိယ** - အချုပ်ထောင်ကြီးကဲ့သို့၊ **ပဿ**- မြင်ပါ ကြည့်ပါ။

http://www.dhammadownload.com



အလုံးစုံသော ဘဝကို အချုပ်ထောင်ကြီးလို မြင်အောင် ကြည့်နိုင်ရမယ်။ အဲ့ဒီ အချုပ်ထောင်ကြီးက နေ **'နေကမ္မာဘိမုခေါ် ဟောတိ'** လွတ်မြောက်ရေး ဘက်ကိုပဲ အမြဲတမ်း ရှေးရှုထားပါ။ **'ဘဝတော ပရိမုတ္တိယာ'** ဆင်းရဲလှတဲ့ ဒီဘဝတွေကနေ လွတ်မြောက်ဖို့ရန်အတွက် ရှေးရှုထားရမယ်။

ဆိုလိုတာက ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော၊ ဘာပဲတွေးတွေး ဒီဘဝသံသရာ ဝဋ်ဆင်းရဲကနေ လွတ်မြောက်ဖို့ဆိုတဲ့ အမြင်နှင့် လွတ်မြောက်ရေးကို ရှေးရှုပြီးတော့ နေရမယ်။

အဲသလို နေကမ္မပါရမီနှင့် ပတ်သက်ပြီးတော့ ဘုရားလောင်း သူတော်ကောင်းကြီးက သူ့ကိုယ်သူ ဥပမာပေးပြီးတော့ ဆုံးမတော်မူတာ။

## နေကမ္မသဘော

နေကမ္မတရားဆိုတာ ဘာလဲ။ နေကမ္မဆိုတာ ထွက်မြောက်ခြင်း၊ ဘယ်ကနေ ထွက်မြောက်တာလဲလို့ မေးလျှင် ကာမကနေ ထွက်မြောက်တာ။

ကာမဆိုတာ 'ဝတ္ထုကာမ'၊ 'ကိလေသာကာမ' လို့ နှစ်မျိုးရှိတယ်။ ဝတ္ထုကာမဆိုတာက ကြည့်ချင်စရာ

http://www.dhammadownload.com



မြင်ချင်စရာကောင်းတဲ့ အဆင်းမျိုးစုံ 'ရူပါရုံ'၊ နား ထောင်ချင်စရာကောင်းတဲ့ အသံမျိုးစုံ 'သဒ္ဒါရုံ'၊ နမ်း ရှုချင်စရာ ကောင်းတဲ့ အနံ့မျိုးစုံ 'ဂန္ဓာရုံ'၊ စားသောက် ချင်စရာကောင်းတဲ့ အရသာမျိုးစုံ 'ရသာရုံ'၊ တွေ့ထိ ချင်စရာကောင်းတဲ့ အတွေ့အထိမျိုးစုံ 'ဖောဋ္ဌဗ္ဗာရုံ' အာရုံငါးပါးသည် '**ဝတ္ထုကာမ**'။

ကိလေသာကာမဆိုတာက အဲ့ဒီဝတ္ထုကာမတွေ အပေါ်မှာ လိုချင်တယ်၊ ရချင်တယ်၊ တွေ့ချင်တယ်၊ ကြံချင်တယ်၊ ဖြစ်ချင်တယ်ဆိုတဲ့ လောဘ အဓိက ပြဋ္ဌာန်းတဲ့ကိလေသာတရားသည် '**ကိလေသကာမ**'။

လွတ်မြောက်အောင် ကြိုးစားမှု လွတ်မြောက်မှု ဆိုတာ ဘာလဲ။ အဲ့ဒီဝတ္ထုကာမ ကိလေသာကာမက နေပြီးတော့ ထွက်မြောက်နိုင်ဖို့ ကြိုးစားတာ။ ဒါကို နေကွမ္မလို့ နားလည်ရမယ်။

## နေကွမ္မရဲ့တရားကိုယ်

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ကတော့ ဥတ္တမပုရိသဒီပနီကျမ်းထဲမှာ နိကွမ္မဆိုတာ 'အလောဘ'ကို ပြောတာပါတဲ့။

လောဘဆိုတာ လိုချင်တာ၊ ရချင်တာ၊ ဖြစ်ချင်

http://www.dhammadownload.com



တာ။ အလောဘဆိုတာ လောဘရဲ့ ဆန့်ကျင်ဘက် သဘော၊ လိုချင်မှု ရချင်မှု ဖြစ်ချင်မှု တွယ်တာမက်မော မှု ကင်းတဲ့သဘော။ နားလည်လွယ်အောင် ဆရာတော် ဘုရားကြီးက အလောဘကို နိကွမ္မလို့ ပြောတာ။

ကိုယ့်အိမ်မှာ နေရင်းနှင့်လည်း လောဘ မဖြစ်အောင် ကြိုးစားနိုင်မယ်၊ အလောဘဖြစ်အောင် ကြိုးစားနိုင်မယ်ဆိုရင် နေကွမ္မပါရမီကို ဖြည့်ဆည်းရာ ရောက်တယ်။ များသောအားဖြင့် နေကွမ္မပါရမီနှင့် ပတ်သက်ပြီးတော့ နေကွမ္မပါရမီဆိုတာ တောထွက်တာလို့ အကြမ်းဖျင်း မှတ်သားထားကြတယ်။ ဒါလည်း မှန်ပါတယ်။

တောထွက်တယ်ဆိုတာကလည်း လူသာမန်တွေ အနေနှင့် ကြံစည်ဖို့တောင် မလွယ်တဲ့ကိစ္စ။ ဒါကြောင့် ကိုယ့်အိမ်မှာ နေရင်းနှင့် နေကွမ္မပါရမီကို ဖြည့်ဆည်းချင်တယ်ဆိုလျှင် လောဘဖြစ်စရာ အာရုံတွေ ကြုံလာတဲ့အခါမှာ လောဘ မဖြစ်အောင် ထိန်းသိမ်းပြီးတော့ အလောဘဓာတ်ကို ကြီးထွားအောင် ပြုစု ပျိုးထောင်မွေးမြူနိုင်မယ်ဆိုလျှင် နေကွမ္မပါရမီကို ဖြည့်ဆည်းတယ်လို့ မဆိုနိုင်ဘူးလား၊ ဆိုနိုင်တယ်။

ဒါကြောင့် နိကွမ္မဆိုတာ ဘာလဲလို့ မေးလျှင်

http://www.dhammadownload.com



ကာမမှ ထွက်မြောက်ခြင်း၊ ဝတ္ထုကာမ၊ ကိလေသာကာမ မှ ထွက်မြောက်ခြင်း၊ ထို့ထက် လိုရင်းကျအောင် ပြော ရမယ်ဆိုလျှင် လောဘဆိုတဲ့ ကိလေသာကာမကနေ လွတ်မြောက်အောင် ကြိုးစားတာ၊ အလောဘဓာတ် ဖြစ် အောင် ကြိုးစားတာ။

## နေကွမ္မတရားငါးမျိုး

သို့သော် နေကွမ္မတရားရဲ့ နယ်ပယ်က အလွန် ကျယ်တယ်။ နေကွမ္မတရားနှင့် ပတ်သက်ပြီး-

**'ပဗ္ဗဇ္ဇံ ပထမံ စျာနံ၊ နိဗ္ဗာနဉ္စ ဝိပဿနံ။**
**သမ္မောဝိကုသလာဓမ္မာ၊ နေကွမ္မန္တိ ပဝုစ္စရေ။'**

ဆိုပြီးတော့ နေကွမ္မတရားရဲ့ အဓိပ္ပာယ်ကို အဲ့သလိုမျိုး ကျယ်ကျယ်ပြန့်ပြန့် ပြောတာလည်းရှိတယ်။

အဓိပ္ပာယ်က...

(၁) **ပဗ္ဗဇ္ဇံ** - ရှင်အဖြစ် ရဟန်းအဖြစ်ကို ပြုခြင်း သည်လည်း နေကွမ္မတရား။

(၂) **ပထမံ စျာနံ** - ပထမစျာန်ရအောင် ကြိုးစား အား ထုတ်ခြင်းသည်လည်း နေကွမ္မတရား။

(၃) **နိဗ္ဗာနဉ္စ** - နိဗ္ဗာန်သည်လည်း နေကွမ္မတရား။

(၄) **ဝိပဿနံ** - ရုပ် နာမ် ခန္ဓာ သဘာဝတရားတို့ရဲ့

http://www.dhammadownload.com



အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါးကို သိအောင် မြင်အောင် ကြိုးစား အားထုတ်လို့ သိတဲ့ မြင်တဲ့ ဉာဏ်ကို ရခြင်းသည်လည်း နေကွမ္မတရား။

(၅) **သဗ္ဗေပိ ကုသလာ ဓမ္မာ** - အလုံးစုံသော ကုသိုလ်တရားတွေဟာလည်း နေကွမ္မတရား။ အဲသလို နေကွမ္မတရား ငါးမျိုးကို အကြမ်းဖျင်းလေးမှတ်ရမယ်။

လူဝတ်ကြောင်ကို စွန့်ပြီးတော့ ရသေ့ရဟန်းဝတ်ခြင်းသည်လည်း နေကွမ္မပဲ။ နီဝရဏတရားတွေကင်းကွာအောင် ကြိုးစား အားထုတ်လို့ ပထမစျာန်ကို ရမယ်ဆိုလျှင်လည်း နေကွမ္မတရား၊ နိဗ္ဗာန်ဆိုတဲ့တရား၊ ဝိပဿနာဆိုတဲ့တရား။ နောက်ဆုံး အနှစ်ချုပ်လိုက်တဲ့ အခါကျတော့ "သဗ္ဗေပိ ကုသလာ ဓမ္မာ" ကုသိုလ်ကောင်းမှုမှန်သမျှသည် နေကွမ္မပဲ။

နေကွမ္မဆိုတာ ထွက်မြောက်ခြင်းလို့ စောစောက ပြောခဲ့တယ်နော်။ ကုသိုလ်ကောင်းမှုတရားသည် ဘယ်ကနေ ထွက်မြောက်တာလဲလို့ မေးလျှင် အကုသိုလ်တရားတွေကနေ ထွက်မြောက်တာ။ အကုသိုလ်

http://www.dhammadownload.com



တရားတွေကနေ ထွက်မြောက်နိုင်မှ ကုသိုလ်ဖြစ်တာ။ ဒါကြောင့် ဒါနပဲဖြစ်ဖြစ်၊ သီလပဲဖြစ်ဖြစ်၊ ဘာဝနာပဲဖြစ်ဖြစ် မြင့်မြတ်တဲ့သဘောလေးတွေ ဖြစ်လာတာမှန်သမျှ နေကမ္မပဲလို့ နားလည်ထားရမယ်။

## အဓိကအကျဆုံး ပါရမီ

နောက်တစ်ချက်က ပါရမီဆယ်ပါးထဲမှာ နေကမ္မပါရမီသည် အဓိကအကျဆုံး အရေးအကြီးဆုံး ပါရမီဖြစ်တယ်လို့ လယ်တီဆရာတော်ဘုရားကြီးက ရှင်းပြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်ပါရမီတရားကိုပဲ ဖြည့်ဆည်းဖြည့်ဆည်း ဒီသံသရာဝဋ်ဆင်းရဲက လွတ်မြောက်လိုတဲ့စိတ်ပါမှသာ ပါရမီထိုက်တာ။

ဒီ နေကမ္မတရားရဲ့ အရေးပါမှုကို အဲ့သလို ကြားဖြတ် မှတ်သားရမယ်။ ဒါနပဲဖြစ်ဖြစ်၊ သီလပဲဖြစ်ဖြစ်၊ နောက်ထပ် ဆက်ပြီးတော့ပြောမည့် ပညာပဲဖြစ်ဖြစ်၊ ဝီရိယပဲဖြစ်ဖြစ်၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ ဘာပဲဖြစ်ဖြစ် ကောင်းတာတွေ မှန်သမျှသည် သံသရာဝဋ်ဆင်းရဲက လွတ်မြောက်လိုရေးကို ရှေးရှုပြီးတော့ လုပ်မှ အဲ့ဒါတွေက မြင့်မြတ်တဲ့ ပါရမီထိုက်တာ။

နေကမ္မ မပါလို့ရှိလျှင် ကျန်တာတွေက ပါရမီထိုက်ဖို့ မလွယ်ဘူး။ ဒါကြောင့် အလောဘဆိုတဲ့သဘော

http://www.dhammadownload.com



ဒီ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်လိုတဲ့ သဘောက ပါကို ပါရမယ်။

## ဘုရားပွင့်တော်မူရခြင်း၏ အဓိကရည်ရွယ်ချက်

တကယ်စင်စစ် ဘုရားရှင် ပွင့်လာတယ်ဆိုတာ သံသရာဝဋ်ဆင်းက လွတ်မြောက်အောင် ကြိုးစားဖို့ နည်းလမ်းကို ပေးဖို့အတွက် ပွင့်လာတာ။ ဒီသံသရာထဲ ကျင်လည် ကျက်စားတဲ့အခါမှာ ကောင်းကောင်းမွန်မွန် ကျင်လည် ကျက်စားနိုင်အောင် ဟောပြောထားတာတွေ လည်း ရှိပါတယ်။ သို့သော် တကယ့်တကယ် အဓိက ရည်ရွယ်ချက်က သံသရာဝဋ်ဆင်းရဲက လွတ်မြောက် ဖို့ပဲ။

ဘာကြောင့်လဲဆိုတော့ သံသရာထဲမှာ ကျင်လည် နေမယ်ဆိုလျှင် တစ်ချိန်မဟုတ် တစ်ချိန်မှာတော့ သူ ဒုက္ခတွေ့မှာ။ တကယ်တမ်း ပြောရရင် ဘဝကိုက ဒုက္ခ ပဲလေ။ ဒါ့ကြောင့် သံသရာတွင်း ချမ်းသာကို ညွှန်ပြဖို့ သက်သက်အတွက် ဘုရားရှင် ပွင့်လာတာ မဟုတ်ဘူး။ အဓိကက သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ဖို့ နည်း လမ်းကိုသာလျှင် ပြောပြဖို့, ဟောပြဖို့ ဘုရား ပွင့်လာ တာ။ ဒါကြောင့် နေကမ္ဘတရားရဲ့ အရေးပါပုံကို နား လည်ဖို့ လိုတယ်နော်။

http://www.dhammadownload.com



## နေကွမ္မတရား၏ နီးစွာသောအကြောင်း

နေကွမ္မတရားဆိုတဲ့ ထွက်မြောက်လိုတဲ့ သဘော တရားဟာ ဘာကြောင့် ဖြစ်လာသလဲဆိုတော့ သူ့ရဲ့ အနီးဆုံး အကြောင်းတရားက -

'**သံဝေဂပဒဋ္ဌာနံ**- ထိတ်လန့်မှု သံဝေဂလျှင် နီးသော အကြောင်းရှိတယ်'တဲ့။

ဒီသံသရာ ဒီဘဝ ဒီဒုက္ခတွေဟာ ထိတ်စရာ လန့်စရာ၊ ကြောက်စရာတွေပဲလို့ သိမှ မြင်မှသာလျှင် ဝဋ်ဆင်းရဲကနေ လွတ်မြောက်အောင် ကြိုးစားမှာ။ ထိတ် လန့်မှုမရှိဘူး သံသရာထဲမှာပဲ ပျော်နေမယ်ဆိုရင် ထွက် မြောက်ချင်ပါ့မလား။ ပျော်နေမယ်ဆိုရင် ထွက်မှာ မဟုတ်ဘူး၊ ရိုးရိုးလေးပဲ။

ဒီခန္ဓာ ဒီဘဝရဲ့ အမှန်တရားတွေကို သိမှ မြင်မှ သာလျှင် ထိတ်စရာ လန့်စရာတွေပဲလို့ မှန်ကန်တဲ့အမြင် ကို အခြေခံမှသာလျှင် တစ်ဆင့်တက်ပြီးတော့ ထွက် မြောက်မှုကို လှမ်းနိုင်မှာ။

ဒါကြောင့် ပရိသတ်အပေါင်း သူတော်ကောင်း တို့ သံဝေဂဆိုတဲ့ တရားသည် နိက္ခမ္မဖြစ်ခြင်း၏ အကြောင်းတရားလို့ နားလည်ရမယ်နော်။

http://www.dhammadownload.com



ဒီနေရာမှာ ပြောချင်တာလေးတစ်ခုက ဒကာ ဒကာမတို့၊ ဦးဇင်းတို့ လူအများစုဟာ မထွက်မြောက် နိုင်ဘူးဆိုတာထက် ထွက်မြောက်ချင်စိတ်ကို မရှိဘူး ဆိုတာက ပိုမှန်လိမ့်မယ်။

ကိုယ့်ဟာနှင့်ကို အဟုတ်ကြီး ထင်ပြီးတော့ နေ နေကြတာပဲလေ။ အချင်းချင်း ဖက်တွယ်ပြီးတော့ သူ့ ကြောင့် ကိုယ်ထွက်လို့ မရသလို၊ ကိုယ့်ကြောင့် သူထွက် လို့ မရအောင် နှောင်ဖွဲ့ ရစ်ပတ်ပြီးတော့ ထားကြတာ တွေ မရှိဘူးလား။

## နွားနှစ်ကောင်ဥပမာ

စာထဲမှာပါတဲ့ ဥပမာလေးတစ်ခုရှိတယ်။ နွား ဖြူကြီးနှင့် နွားနက်ကြီးကို နဖားကြိုးတစ်ချောင်းတည်း ထိုးပြီး ပူးချည်ထားလိုက်တယ်။ နွားဖြူကြီးကလည်း နွားနက်ကြီးကို စိတ်တိုတယ်။ မင်းကြောင့် ငါ သွားချင် တဲ့နေရာ သွားလို့ မရဘူး။ နွားနက်ကြီးကလည်း နွားဖြူ ကြီးကို စိတ်တိုတယ်။ သူ့ကြောင့် ငါ သွားချင်တဲ့နေရာ သွားလို့ မရဘူး။

အကယ်စင်စစ် နွားဖြူကြီးကြောင့် နွားနက်ကြီး မလွတ်လပ်တာ မဟုတ်ဘူး။ နွားနက်ကြီးကြောင့် နွားဖြူ ကြီး မလွတ်လပ်တာလည်း မဟုတ်ဘူး။ နဖားပေါက်

http://www.dhammadownload.com



နှစ်ခုကို ပူးချည်ထားတဲ့ နဖားကြိုးကြောင့်သာ မလွတ်မလပ် ဖြစ်နေတာ။

လူတွေမှာလည်း တစ်ယောက်နှင့် တစ်ယောက် လွတ်လပ်မှုမရှိအောင် ချုပ်ချယ်တယ်လို့ ထင်တဲ့နေရာမှာ တိုက်ရိုက် ချုပ်ချယ်လို့ မရဘူး။ သံယောဇဉ်ကြိုးသာ ရှိလို့ ချုပ်ချယ်လို့ ရတာ။ ကိုယ်က သံယောဇဉ်ကြိုး မရှိဘူးဆိုလို့ ရှိရင် ဘယ်သူကမှ ကိုယ့်ကို ချုပ်ချယ်လို့ မရဘူး။

ဒကာ ဒကာမတို့၊ ဦးဇင်းတို့တစ်တွေ ထွက်မြောက်ရေးကို ဘာကြောင့် မလုပ်နိုင်ကြတာလဲလို့ မေးရင် အချင်းချင်း နှောင်ဖွဲ့ ရစ်ပတ်ပြီးတော့ နေနေကြလို့ မဟုတ်လား။ ဒါကြောင့် ထွက်မြောက်ရေးကို လုပ်မယ်ဆိုရင် နှောင်ဖွဲ့မှုတွေ ရှိနေတာကို စဉ်းစားမိဖို့ လိုတယ်။

## မိဂဇာလမထေရ်ရဲ့ အမေး

မိဂဇာလမထေရ် မြတ်စွာဘုရားကို မေးထားတာလေးတစ်ခု ပြောပြချင်တယ်။ ဘာမေးလဲဆိုတော့-

"မြတ်စွာဘုရား.. တစ်ယောက်တည်းနေသူ တစ်ယောက်တည်း နေသူလို့ ပြောတယ်။ ဘယ်လိုနေတဲ့သူ

http://www.dhammadownload.com



ကို တစ်ယောက်တည်း နေသူလို့ ဆိုနိုင်ပါသလဲ၊ ဘယ်လို နေတဲ့သူကို အပေါင်းအဖော်နှင့် နေတဲ့သူလို့ ဆိုနိုင်ပါသလဲ'တဲ့။

ဒီတော့ မြတ်စွာဘုရားက အာရုံခြောက်ပါးနှင့် ယှဉ်ကပ်ပြီးတော့ ဖြေတယ်။ စိက္ခဝိညာဏ် မျက်စိဖြင့် မြင်အပ် သိအပ်တဲ့ ရူပါရုံတွေရဲ့အပေါ်မှာ စွဲလမ်းမှု မကင်းဘူး၊ မက်မောမှု မကင်းဘူး၊ လိုလား တောင့်တမှု မကင်းဘူး။

အသံတွေရဲ့အပေါ်၊ အနံ့တွေရဲ့အပေါ်၊ အရသာ၊ အတွေ့အထိ၊ အတွေးအကြံ-ဆိုတဲ့ အာရုံခြောက်ပါးရဲ့ အပေါ်မှာ အလိုဆန္ဒ လောဘမာတ်တွေ ဖြစ်နေတယ် ဆိုလို့ရှိရင် အဲဒီပုဂ္ဂိုလ်ဟာ တဏှာတည်းဟူသော အပေါင်းအဖော်နှင့် နေတဲ့သူလို့ ဆိုရမယ်။

သူ့ဟာသူ တောထဲသွားပြီးတော့ ဆိတ်ငြိမ်ရာမှာ တစ်ကိုယ်တည်း သွားပြီးတော့ နေသော်လည်းပဲ လောဘ ရှိနေမယ်ဆိုရင် အပေါင်းအဖော်နှင့် နေတဲ့သူလို့ပဲ ဆိုရမယ်။ တစ်ကိုယ်တည်း နေတဲ့သူ၊ တစ်ယောက်တည်း နေတဲ့သူ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ သူ့မှာ လောဘတည်းဟူသော အပေါင်းအဖော် ရှိနေတဲ့အတွက်ကြောင့် ပါပဲ။

http://www.dhammadownload.com



စဉ်းစားနော်။ ဒီအချက်က အလွန် စဉ်းစားစရာကောင်းတဲ့အချက်။ လူကသာ တစ်ယောက်တည်း ဖြစ်နေတာ စိတ်ထဲမှာ အလိုဆန္ဒတွေနှင့် ပြည့်နေမယ်ဆိုရင် ကိုယ့်မှာ ဘာရှိနေလဲ။ အပေါင်းအဖော် ရှိနေတယ်။

## တစ်ယောက်တည်း နေသူ

တစ်ယောက်တည်း နေတဲ့သူဆိုတာ ဘယ်လိုလူကို ပြောတာလဲဆိုတော့ လောဘတည်းဟူသော အပေါင်းအဖော် မရှိတဲ့သူ အာရုံခြောက်ပါးရဲ့အပေါ်မှာ အလိုဆန္ဒကင်းတဲ့သူကို အပေါင်းအဖော် မရှိသူလို့ ခေါ်တယ်။

အဲလိုလူဟာ တစ်ယောက်တည်း နေတဲ့လူပဲ။ လူကြားထဲမှာ၊ ပရိသတ်တွေကြားထဲမှာ၊ မြို့ထဲမှာ၊ ရွာထဲမှာ ဘယ်လိုပဲနေနေ သူဟာ အပေါင်းအဖော်နှင့် နေတာ မဟုတ်ဘူး။ တစ်ယောက်တည်း နေသူလို့ပဲ ဆိုရမယ်။

## လောဘရှိနေတာချင်း တူခဲ့သော်

ဒီနေရာမှာ 'အဲ့သလိုဆိုရင် ဦးဇင်းရယ် အဓိကက တစ်ယောက်တည်း နေတဲ့လူ ဖြစ်ဖို့ဆိုရင် အဲ့ဒီလောဘ မရှိဖို့ဘဲ မဟုတ်လား' လို့ မေးရင်- 'ဟုတ်တယ်' လို့ပဲ ဖြေရမယ်။ သို့သော် လောဘ ရှိနေတဲ့ပုဂ္ဂိုလ်

http://www.dhammadownload.com



တွေမှာတော့ လူတွေကြားထဲမှာ နေတာထက် ဆိတ်ငြိမ်ရာအရပ် တောတောင်အရပ်မှာ ချဉ်းကပ်ပြီးတော့ နေတာ မျိုးက ပိုပြီးတော့ လိုလားအပ်တယ်။

လောဘမရှိတဲ့ ပုဂ္ဂိုလ်သည်သာလျှင် အပေါင်းအဖော်တွေနှင့် နေတဲ့နေရာမှာ ဒုက္ခ မများတာ။

လောဘ မကင်းတဲ့ လူအချင်းချင်း နှိုင်းစာလိုက်မယ်ဆိုရင်တော့ တောမှာနေတာ ကောင်းမလား၊ လူကြားထဲမှာ နေတာ ကောင်းမလား။ တောမှာ နေတာက ကောင်းတာပေါ့။ တောထဲမှာ နေတာနှင့် လူကြားမှာ နေတာ ဘယ်ဟာက ပိုဒုက္ခများမလဲ။ လူကြားထဲမှာ နေတာက ပိုဒုက္ခများတာပေါ့။

ဒကာ ဒကာမတို့ ဦးဇင်းတို့ တစ်တွေက ဘာရှိနေလဲ။ လောဘ ရှိနေတယ်။ တောထဲသွားနေလည်း လောဘ ရှိနေတယ်။ လူတွေကြားထဲနေလည်း လောဘ ရှိတယ်။

လောဘရှိတာချင်း အတူတူ ဆိုရင်တော့ ဘယ်မှာ နေတာက အနှစ်သာရ ရှိနိုင်လဲ၊ ကောင်းနိုင်လဲ၊ ငြိမ်းချမ်းနိုင်လဲ၊ အသိဉာဏ်ကို ရနိုင်လဲဆိုရင် တောထဲနေတာက ဆိတ်ငြိမ်တဲ့နေရာမှာ နေတာက ပိုပြီးတော့ အကျိုးကျေးဇူး များတယ်။

http://www.dhammadownload.com



## နာဂိတသုတ္တန်

ဒါကြောင့် နာဂိတသုတ္တန်ဆိုပြီးတော့ မြတ်စွာဘုရား ဟောထားတဲ့ သုတ္တန်တစ်ပုဒ်ရှိတယ်။

အခါတစ်ပါးမှာ မြတ်စွာဘုရား သီတင်းသုံးနေတဲ့ နေရာကို ဒကာ ဒကာမတွေ အများကြီး ရောက်လာတယ်။ အကုန်လုံး ဆူညံနေတယ်။ မြတ်စွာဘုရား ထွက်လာပြီးတော့ အလုပ်အကျွေးဖြစ်တဲ့ နာဂိတကို မေးတယ်။

'ငါးစိမ်းသည်တွေ ငါးရောင်းတဲ့ နေရာမှာ ဆူနေသလိုမျိုး လာဆူနေတာ ဘယ်သူတွေလဲ' ဆိုတော့-

'မြတ်စွာဘုရားကို ဖူးမြော်ဖို့အတွက် အဝေးကြီးက ရောက်လာကြတဲ့ ဒကာ ဒကာမတွေပါဘုရားတဲ့။ ဒီတော့ မြတ်စွာဘုရားက နာဂိတရဟန်းကို-

**'မာဟံ နာဂိတ ယသေန သမာဂမံ၊**
**မာ စ မယာ ယသော။'**

'နာဂိတ... ငါဘုရားကလည်း အခြံအရံ အကျော်အစောကို မဆက်ဆံလိုဘူး။ အခြံအရံ အကျော်အစောကလည်း ငါနှင့် မဆက်ဆံစေနဲ့' လို့ မြတ်စွာဘုရားက အပြတ်ကို ပြောတာ။

http://www.dhammadownload.com



'တရားကြောင့်ဖြစ်တဲ့ ချမ်းသာကို လွယ်လွယ်ကူကူ မရတဲ့ ပုဂ္ဂိုလ်တွေသာလျှင် ဒီလို အပေါင်းအဖော်တွေနှင့် ပျော်တာမျိုး၊ လာဘ်လာဘတွေနှင့် ပျော်တာမျိုးစတဲ့ ချမ်းသာတွေကို ရှာကြတာ။ ငါဘုရားက တရားကြောင့်ဖြစ်တဲ့ ချမ်းသာကို လွယ်လွယ်ကူကူ မပင်မပန်းရနေတဲ့အတွက်ကြောင့် ဒီလိုချမ်းသာမျိုးကို ငါ ရှာနေစရာ မလိုပါဘူး' တဲ့။

ပြီးတော့ မြတ်စွာဘုရား တစ်ဆက်တည်း ပြောတာလေးက 'မြို့တွေ ရွာတွေမှာ လူတွေကြားထဲမှာ နေပြီးတော့ သမာဓိ ရနေတဲ့ရဟန်းကို ငါဘုရား စိတ်ထဲမှာ မနှစ်သက်ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ အဲဒီလူတွေကြောင့်၊ အပေါင်းအဖော်တွေကြောင့် အဲဒီသမာဓိက မြန်မြန်ပျက်သွားစရာ အကြောင်းရှိတယ်။

တောတောင်အရပ် ဆိတ်ငြိမ်ရာ အရပ်မှာ ချဉ်းကပ်ပြီးတော့ တောကျောင်းမှာ ငိုက်မြည်းနေတဲ့ ရဟန်းကို ငါဘုရား ပို့ပြီးတော့ နှစ်သက်တယ်။ ဘာကြောင့်လဲဆိုတော့ မကြာခင်မှာ သူက စျာန်တို့၊ တရားထူး တရားမြတ်တို့ ရလာနိုင်တယ်' တဲ့။

ပရိသတ်တို့ စဉ်းစားနော်။ မြို့တွေ ရွာတွေထဲမှာ သမာဓိ ရှိနေတာထက် ဆိတ်ငြိမ်ရာတောအရပ်မှာ ငိုက်

http://www.dhammadownload.com



မြည်းနေတာကို မြတ်စွာဘုရားက နှစ်သက်တယ်။ ဆိုလို ရင်း အဓိပ္ပာယ်က ဘာလဲ တောအရပ်က ပိုပြီးတော့ ကောင်းတယ်ပေါ့။

အဲဒီ နာဂိတသုတ္တန်မှာ မြတ်စွာဘုရားက-'နာဂိတ.. ယုတ်စွအဆုံး ပြောမယ်။ ငါ တစ်ပါးတည်း တောထဲမှာ နေရတာဟာ ကျင်ကြီးကျင်ငယ် စွန့်ရတာ တောင် ချမ်းသာတယ်'လို့ ဟောတော်မူတာ။

တစ်ကိုယ်တည်း နေတာကို မြတ်စွာဘုရား အလွန် ချီးမွမ်းတော်မူတယ်။ အပေါင်းအဖော်နှင့် နေတာကို မြတ်စွာ ဘုရား အလွန် ရှုတ်ချတော်မူတယ်။ နေကျမှုတရားနှင့် ပတ်သက်ပြီးတော့ အဲ့လိုဒေသနာလေးတွေကို ညှိပြီး တော့ နားလည်ဖို့ မလိုဘူးလား။

အဓိကကတော့ ကိလေသာကာမက ထွက်မြောက်နိုင်အောင် ကြိုးစားရမယ်။ ဒါပေမယ့် ဝတ္ထုကာမ မှလည်း ထွက်မြောက်နိုင်အောင် ကြိုးစားရမယ်။ ဝတ္ထု ကာမထဲမှာ နေနေမယ်ဆိုရင် ကိလေသာကာမတွေက ပိုပိုပြီးတော့ တိုးလာစရာ အကြောင်းရှိတာကိုး။ ဒါကို နားလည်ဖို့ လိုတယ်နော်။

## မဟာဇနကဇာတ်

ဒါကြောင့် ရှေးသူတော်ကောင်းကြီးတွေဟာ

http://www.dhammadownload.com



ဆိတ်ငြိမ်ရာ တောတောင်အရပ်ကို ချဉ်းကပ်ပြီးတော့ ဝတ္ထုကာမကို ခွါရှောင်ပြီးတော့ သူတော်ကောင်းတရားကို ကျင့်ကြံကြတာ။ နေကွမ္မပါရမီကို ဖြည့်ကြတာ။ ဒါနဲ့ပတ်သက်ပြီးတော့ ဇာတ်တော်တစ်ပုဒ်ကို ပြောပြမယ်။ မြတ်စွာဘုရားရဲ့ နေကွမ္မပါရမီနှင့် ပတ်သက်ပြီးတော့ မှတ်သားစရာ အလွန်ကောင်းတဲ့ ဇာတ်တော်တစ်ပုဒ်၊ မဟာဇနကဇာတ်တော်တဲ့ အားလုံး ကြားဖူးပါတယ်။

မဟာဇနကဇာတ်မှာ အဓိက အနှစ်သာရလေးက 'ရအောင် ကြိုးစားရတာထက် ရပြီးသားကို စွန့်ရတာက ပိုခက်တယ်' ဆိုတဲ့သဘောကို ပြောထားတာ။ လောကမှာ ရအောင်လုပ်ဖို့ဆိုတာလည်း သိပ်တော့ မလွယ်ပါဘူး။ အစွမ်းအစရှိတဲ့ ပုဂ္ဂိုလ်တွေမှ ရအောင် လုပ်နိုင်တာ။ ဒါပေမယ့် ရအောင်လုပ်ဖို့ထက် စွန့်နိုင်ဖို့ဆိုတာက ပိုခက်တယ်။ မဟာဇနကဇာတ်က အဲ့ဒီသဘောတရားလေးကို ပုံပေါ်အောင် ဖော်ပေးထားတာ။

များသောအားဖြင့် မဟာဇနကဇာတ်တော်ကို လူအများစုက ဝီရိယအရာမှာ အဓိက ဖော်ညွှန်းချင်လို့ ဟောထားတာလို့ ထင်နေကြတယ်။

ပင်လယ်သမုဒ္ဒရာမှာ ခုနစ်ရက်တိတိ လက်ပစ်ကူးတာဆိုတော့ မဟာဇနကမင်းသားကို ဝီရိယမင်းသား

http://www.dhammadownload.com



လို့ နာမည်တပ်ကြတာလည်း ရှိတာကိုး။ တကယ့် တကယ် မြတ်စွာဘုရား ဒီဇာတ်တော်ကို ဟောတာက ဝီရိယပါရမီကို အထူးပြုပြီးတော့ ဟောတာ မဟုတ်ပါဘူး။ နေကမ္ဘပါရမီကို ထင်ရှားစေချင်လို့ ဟောထားတာ။

အခါတစ်ပါးမှာ ရဟန်းတော်တွေဟာ မြတ်စွာဘုရားရဲ့ မြတ်သော တောထွက်တော်မူခြင်းကို စပ်မိစပ်ရာပြောရင်းနှင့် ချီးမွမ်းကြတာ။ အလွန်ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာ၊ အလွန်ကြီးကျယ်တဲ့ အသိုင်းအဝိုင်း၊ ဒီလို ချမ်းသာသုခတွေကို စွန့်လွှတ်ပြီးတော့ မြတ်စွာဘုရား တောထွက်ပြီးတော့ တရားကျင့်နိုင်တာဟာ အလွန်တရာမှ ချီးမွမ်းစရာ ကောင်းတယ်။ အလွန်တရာမှ ဖြစ်နိုင်ခဲတယ်လို့ ချီးမွမ်းကြတာ။

အဲဒီလို ချီးမွမ်းကြတာကို မြတ်စွာဘုရား သိတော်မူလို့ မြတ်စွာဘုရားက 'ရဟန်းတို့.. အခုလို ပါရမီရင့်တဲ့အချိန်မှာ ထွက်မြောက်နိုင်တာဟာ ဘာမှ အံ့သြစရာ မရှိဘူး။ ပါရမီနုစဉ် ရှေးအခါတုန်းက အလွန်ကြီးကျယ်တဲ့ အတားအဆီးနှင့် တွေ့တာတောင် ငါဟာ လွတ်မြောက်သွားအောင် ထွက်မြောက်သွားအောင် ကြိုးစားနိုင်ခဲ့တယ်။ အဲဒါကမှ ပိုပြီးတော့ အံ့သြစရာ ရှိတယ်ဆိုပြီးတော့ မဟာဇနကဇာတ်ကို ဟောတာ။

http://www.dhammadownload.com



မဟာဇနကဇာတ်ကို ပြောတဲ့နေရာမှာ ပင်လယ်သမုဒ္ဒရာထဲ လက်ပစ်ကူးတာတွေ ထားလိုက်တော့ မပြောတော့ဘူး။ အားလုံး သိပြီးသားနော်။ ရွေအိုးကြီး တစ်ဆယ့်ခြောက်လုံး တူးဖော်ပြီးတော့ ပေးတာတွေ ထားခဲ့လိုက်တော့။

ဦးဇင်းက ဘယ်ကနေ စပြောချင်လဲဆိုတော့ သူ့ရဲ့ ဘထွေးတော်ရဲ့သမီး သီဝလိဒေဝီနှင့် ပေါင်းဖက်ပြီးတော့ ဒီဃာဝုဆိုတဲ့ သားလေးတစ်ယောက် မွေးတယ်။ အဲသလိုနဲ့ ဒီဃာဝုမင်းသားလေး ၁၆-နှစ်သား ရောက်ပြီဆိုတော့ ဘုရားလောင်းက အိမ်ရှေ့မင်းအရာကို ပေးတယ်။

## သရက်ပင်ဥပမာ

တစ်နေ့ကျတော့ ဥယျာဉ်မှူးက သရက်သီးတွေ ဘာတွေ လာပြီးတော့ ဆက်ကပ်တယ်။ အသီးအနှံတွေက ကောင်းလိုက်တာ။ ငါ ဥယျာဉ်ကို လိုက်ကြည့်ချင်တယ်ဆိုပြီးတော့ နောက်နေ့မှာ ဥယျာဉ်ထွက်တော်မူတယ်။

ဥယျာဉ်ရဲ့အပေါက်ဝမှာ သရက်ပင်ကြီး နှစ်ပင် ရှိတယ်။ တစ်ပင်သော သရက်ပင်က အသီး လုံးဝ မသီးဘူး။ အခြား သရက်ပင်ကတော့ အရမ်း သီးတယ်။

http://www.dhammadownload.com



ဝင်းဝါပြီးတော့ နေတယ်။

ဘုရားလောင်းက အသီး မသီးတဲ့ အပင်ကို စိတ်မဝင်စားဘူး။ အသီးသီးတဲ့ အပင်ကိုပဲ သီးလိုက်တာ လှလိုက်တာဆိုပြီးတော့ အဲဒီအပင်နား ချဉ်းကပ်ပြီး ဆင်ပေါ်ကနေ သရက်သီးမှည့်တစ်လုံး ဆွတ်ယူသုံးဆောင်လိုက်တယ်။

မှူးကြီးမတ်ရာ နောက်လိုက်ငယ်သား အားလုံး ကလည်း ဘုရင်ကြီး သုံးဆောင်ပြီးပြီဆိုပြီး အကုန်လုံး ဆွတ်ကြတာ။ အခြံအရံက သိပ်များလွန်းတော့ နောက်ကျတဲ့သူက ဘာသရက်သီးမှ မရလိုက်ဘူး။ အစိမ်းတောင် မကျန်တော့ဘူး။

နောက်ကျတဲ့သူတွေက သူတို့ မရရကောင်းလား ဆိုပြီးတော့ စိတ်တိုပြီး အပင်ကြီးကို တုတ်တွေနှင့် ပစ်ကြတယ်။ ခဲတွေနှင့် ထုကြတယ်။ အကုန်လုံး ကျိုးကြေပြီးတော့ သရက်ပင်ကြီးက တစ်ခါတည်း စုတ်ပြတ်သွားတယ်။

ဒီလိုနဲ့ တစ်နေကုန် ဥယျာဉ်ထဲမှာ လည်ပြီးတော့ ညနေခင်းအပြန်မှာ အဲဒီသရက်ပင်ကြီးကို ခွေးမယ်လုပ်တော့ သရက်ပင်ကြီးက ပုံပျက်ပန်းပျက် အရုပ်ဆိုးအကျည်းတန်ပြီးတော့ ဖြစ်ပျက်နေတာ။ ဒါ ဘယ်လိုဖြစ်

http://www.dhammadownload.com



တာလဲလို့ မေးတော့ ဒီလို ဒီအကြောင်းပဲ နောက်လိုက်ငယ်သားတွေ အကုန် ခူးစားကြလို့ပါလို့ဆိုတော့ မင်းကြီးက ဘာမှ မပြောပါဘူး။

ဒီလိုနဲ့ ဘုရားလောင်းက ဟိုဘက်ဘေးမှာ ရှိနေတဲ့ အသီး မသီးတဲ့ အပင်ကြီးကို ကြည့်မိတယ်။ စိမ်းလို့ စိုလို့ ပုံမပျက် ပန်းမပျက် တင့်တင့်တယ်တယ် ရှိနေတယ်။ ဘုရားလောင်းက ဆင်ပေါ်မှာ ထိုင်နေရင်းနဲ့ စဉ်းစားတယ်။ 'သြော်... အသီး သီးမိတဲ့အပင် ဒုက္ခရောက်ရတာပါလား'။ ရိုးရိုးလေးပဲနော်။ အသီး သီးမိတဲ့အပင် ဒုက္ခရောက်ရတာပါလား'တဲ့။ အသီး မသီးတဲ့ အပင် ဘာဒုက္ခမှ မရောက်ဘူးပေါ့။

လူအများစုကတော့ 'သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုပြီး အသီးတွေ အပွင့်တွေနဲ့ ဝေဆာနေတဲ့ သရက်ပင်ကြီးလို အလွန် သီးချင်ကြတယ်။ ခဲနဲ့ တုတ်နဲ့ ပစ်ခတ်ရိုက်နှက် ခံရမယ်ဆိုတာတော့ မစဉ်းစားမိကြဘူး။

မင်းကြီးကတော့ စဉ်းစားမိတယ်။ ငါ့ရဲ့ဘဝကတော့ အသီးသီးတဲ့ အပင်ကြီးနှင့် တူနေပြီလို့ စဉ်းစားတယ်။ ပါရမီတွေကလည်း ပါလာတာဆိုတော့ မှန်မှန်ကန်ကန် စဉ်းစားတဲ့ဉာဏ်တွေကလည်း ရှိလာတာပေါ့။

http://www.dhammadownload.com



စဉ်းစားရင်းနဲ့ ဘုရင်ကြီးရဲ့မျက်နှာက တစ်မျိုးဖြစ်သွားတယ်။

နန်းတော်ပြန်ရောက်တဲ့ အခါကျတော့ မင်းကြီးဟာ လုံးဝ အချိုးပြောင်းသွားတယ်။ ငါ နေထိုင်တဲ့ နန်းတော်ကို မင်းချင်းတစ်ယောက်ပဲ လာရမယ်။ စားတော်အုပ်ကို ဆက်သတဲ့အချိန်ပဲ လာရမယ်။ ကျန်တဲ့ အချိန် ဘယ်သူမှ မလာရဘူးဆိုပြီးတော့ သူ့နန်းဆောင်မှာ သူ့တစ်ယောက်တည်းပဲ နေတော့တယ်။

ဘယ်လောက်ကြာသွားလဲဆိုတော့ လေးလ ကြာသွားတယ်။ အဲဒီ လေးလအတွင်းမှာ ဘုရားလောင်းက ဘာစဉ်းစားနေလဲဆိုတော့ ထွက်ဖို့အတွက် စဉ်းစားနေတာ။ လွတ်မြောက်ဖို့အတွက် အားယူနေတာပေါ့။

နန်းတော်ကြီးကို မြင်ပြန်ရင်လည်း 'သြော်-ဒီနန်းတော်ကြီးကို ငါ ဘယ်တော့များမှ စွန့်နိုင်မှာလဲ' လို့ စဉ်းစားတာ။

အသုံးအဆောင်ပစ္စည်းတွေ မြင်ရင်လည်း ငါ ဒါတွေကို စွန့်ပြီးတော့ ဘယ်တော့များမှ သွားနိုင်မှာလဲ။ ရေကန်ကြီးကို မြင်ရင်လည်း ဒီရေကန်ကို စွန့်ပြီး ဘယ်တော့များမှ ငါ တောထဲမှာ တစ်ယောက်တည်း နေနိုင်မှာလဲ။ နောက်ဆုံး စားတော်ရွေခွက်ကြီးကို ကြည့်

http://www.dhammadownload.com



ပြီးတော့လည်း ဒီလိုပဲ စဉ်းစားတယ်။ ဒီရွှေခွက်ကြီးကို စွန့်ပြီးတော့ မြေခွက်နှင့် ဆွမ်းခံစားနိုင်တဲ့ အနေအထားကို ဘယ်တော့များမှ ရောက်ပါ့မလဲ။

မြင်မြင်သမျှအာရုံ၊ ကြားကြားသမျှ အာရုံတွေက သူ့အတွက် ထွက်မြောက်ဖို့ တွန်းအားပေးနေတဲ့ အာရုံတွေချည်း ဖြစ်နေတယ်။ စည်းစိမ်ဥစ္စာဆိုတာ မသိပျော် ပျော်နေတဲ့ ပုဂ္ဂိုလ်တွေအတွက်တော့ ယစ်မူးစရာတွေပါ့။ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ စွန့်လွှတ်ဖို့ပဲ စဉ်းစားတယ်။

## မဟာဇနကမင်းကြီး တောထွက်ခြင်း

လေးလပြည့်ပြီဆိုတော့ ဆုံးဖြတ်ချက်ချတယ်။ ငါ ကြာမြင့်စွာ အချိန်ဆွဲနေလို့ မသင့်တော်ဘူး။ စားတော်ဆက် မင်းချင်းကို 'မင်း.. ဈေးသွားပြီးတော့ သပိတ်သင်္ကန်း ပရိက္ခရာ အကုန်ဝယ်ခဲ့။ ဘယ်သူ့ကိုမှ မပြောနဲ့'လို့ တစ်ခါတည်း နှုတ်ပိတ်တယ်။

ပရိက္ခရာတွေ ရလာတဲ့အခါ ခေါင်းက ဆံပင်ကို သံလျက်နှင့် ရိတ်ပြီးတော့ အခန်းထဲမှာ သူ့ဘာသူ ရသေ့ဝတ်လိုက်တယ်။ အလွန် ပီတိဖြစ်တယ်တဲ့။ ဩော် ငါရဲ့ ရသေ့အဖြစ်ဟာ အလွန်မှ တင့်တယ်ပါလားလို့ တွေးပြီးတော့လည်း အလွန်ချမ်းသာတယ်။

http://www.dhammadownload.com



သို့သော် အဲဒီညမှာတော့ မိုးချုပ်သွားလို့ သူ မထွက်နိုင်ဘူး။ မနက်လင်းမှပဲ ထွက်နိုင်တယ်။ တိုက် တိုက်ဆိုင်ဆိုင်ပဲ အဲဒီနေ့ မနက်မှာ သီဝလိဒေဝီ ခေါင်း ဆောင်တဲ့ မိဖုရားငယ် ခုနစ်ရာ အကုန်လုံး နန်းတော်ပေါ် တက်လာကြတယ်။

မင်းကြီးကလည်း နန်းတော်ပေါ်က အဆင်း၊ မိဖုရား ခုနစ်ရာကလည်း နန်းတော်ပေါ် အတက် လှေခါး ပေါ်မှာ တွေ့ကြတာ၊ ဘယ်သူမှ ဒီရသေ့ဟာ မင်းကြီး ဆိုတာ မသိဘူး။ ဘယ်လို ထင်လဲဆိုတော့ မင်းကြီးရဲ့ နန်းတော်ကို ကြွလာတဲ့ ပစ္စေကဗုဒ္ဓါတစ်ပါးပါး နေမှာ ပဲလို့ ထင်တာတဲ့။ မင်းကြီးကလည်း အဲ့သလောက်ထိ ကွန်ဖြေရတယ်။

မိဖုရားတွေလည်း နန်းတော်ပေါ် ရောက်ပြီး ဆံပင် တွေ ဝတ်လဲတော်တွေ တွေ့တော့မှပဲ 'သြော်-စောစော က တွေ့လိုက်တာ တို့ရဲ့အရှင်သခင်ပဲ' ဆိုပြီး အကုန်လုံး ငိုယိုပြီးတော့ လိုက်ကြတာ။ တစ်နန်းတော်လုံး အုန်းအုန်း ကြွက်ကြွက် ဖြစ်ပြီးတော့ တိုင်းသူပြည်သားတွေပါ ဘုရင်ကြီးနောက်ကို လိုက်ကြတာ။

ဘုရားလောင်းရဲ့ မြတ်သော တောထွက်ခြင်းကို အနှောင့်အယှက်ဖြစ်ဖို့ ဖန်လာတာပေါ့လေ။

http://www.dhammadownload.com



ဒီလို အရှင်သခင်ကောင်းကို နောက်ထပ် ဘယ်လိုနည်းနှင့် မရနိုင်ဘူး။ အရှင်မင်းကြီး ကျွန်တော်မျိုးမတို့ကို စွန့်ခွာပြီးတော့ မသွားပါနဲ့'ဆိုပြီး ငိုယိုပြီးတော့ လိုက်ကြတာ။ တောမထွက်ဖို့လည်း အမျိုးမျိုး တောင်းပန်ကြတယ်။ ဒါပေမယ့် ဘယ်လို တားလို့မှ မရပါဘူး။

ဘုရားလောင်းကို တားလို့ မရမှန်းသိတော့ သီဝလိမိဖုရားကြီးက ဘာလုပ်လဲဆိုတော့ စစ်သူကြီးကို တိတ်တဆိတ် အမိန့်ပေးတာ။ ရှေ့ကနေ ကြိုပြီးတော့ တိုင်းပြည်ကို မီးတွေ လောင်နေပြီဆိုတာမျိုး ဖြစ်အောင် ဖန်တီးတာ။ အိမ်ပျက်တွေ ဇရပ်ပျက်တွေ အကုန် မီးပုံရှို့။ ကောက်ရိုးတွေ ရေဆွတ်မီးရှို့ပြီးတော့ မီးခိုးတွေ အူအောင်လုပ်တယ်။

ပြီးတော့ 'မင်းကြီး... မင်းကြီး သွားမယ်လို့ လုပ်ခါပဲ ရှိသေးတယ် တိုင်းပြည်က မီးလောင်နေပြီ'လို့ လျှောက်တယ်။

ဘုရားလောင်းက- 'ဒါ ငါ့တိုင်းပြည် မဟုတ်တော့ဘူး။ မီးလောင်ရဲ့မကလို့ ဘာပဲဖြစ်ဖြစ်လို့နေနေ ငါ့မှာ ဘာကြောင့်ကျမှု မရှိဘူး'ဆိုပြီး ဒီတိုင်းပဲ ဆက်ထွက်သွားတယ်။

ခဏနေတော့ သွေးသံရဲရဲနှင့် ဓားတွေ လုံတွေ

http://www.dhammadownload.com



နှင့် သူခိုးတွေ ဓားပြတွေ သူပုန်တွေ ထကြွ သောင်းကျန်းတဲ့ ပုံစံမျိုး ရုတ်ရုတ်သဲသဲ ဖြစ်ပြန်ရော။

'မင်းကြီး... တိုင်းပြည်မှာ ဒီလို သူပုန်သူကန်တွေ ထကြွတာကို နှိမ်နင်းခဲ့ပါဦး'

'ဒါ ငါ့တိုင်းပြည် မဟုတ်တော့ဘူး။ ငါ့မှာ ဘာကြောင့်ကျမှုမှ မရှိတော့ဘူး' ဆိုပြီး ဆက်ကြွသွားပြန်တယ်။

ဒီလိုနဲ့ မြို့ပြင်ဘက် ရောက်တဲ့အခါကျတော့ မင်းကြီးက နောက်လှည့်ပြီးတော့ စကားပြောတယ်။

'အချင်းတို့... ဒါ ဘယ်သူ့တိုင်းပြည်လဲ'

တိုင်းသူပြည်သားတွေကလည်း ဝမ်းမြောက်ဝမ်းသာ 'အရှင်မင်းကြီးရဲ့ တိုင်းပြည်ပါ' လို့ဆိုတော့-

'ငါ့ရဲ့တိုင်းပြည်ဆိုရင် ငါ့ရဲ့အမိန့်ကို အားလုံးနာခံကြရမယ်' ဆိုပြီး လက်ထဲမှာပါတဲ့ တောင်ဝှေးနှင့် မြေကြီးပေါ် မျဉ်းကြောင်း ကြောင်းလိုက်တယ်။

'ဒီမျဉ်းကြောင်းကို ကျော်တဲ့လူ ရာဇဒဏ်' လို့ မိန့်တော်မူတော့ တစ်ယောက်မှ မကျော်ရဲဘူး။ ဘုရားလောင်းက စိုက်စိုက်စိုက်စိုက်နဲ့ ကြွသွားတယ်။ အကုန်လုံး မျဉ်းကြောင်း ဟိုဘက်မှာ ကျန်ရစ်တယ်။

http://www.dhammadownload.com



ဒါကို သီဝလိဒေဝီက ဘယ်လိုမှ သူ သည်းမခံနိုင်ဘူး။ လူးလိမ့်ပြီးတော့ ငိုရင်းနှင့် မျှဉ်းကြောင်းကြီးက ပျက်ပြီးတော့ သူက မျှဉ်းကြောင်းရဲ့ဟိုဘက် ရောက်သွားရော။

ကျန်တဲ့လူတွေကလည်း မျှဉ်းကြောင်းပျက် သွားပြီဆိုပြီး အကုန်လုံး ဝရုန်းသုန်းကားနဲ့ မျှဉ်းကြောင်းပျက်တဲ့နေရာကနေ ရှေ့ဆက် လိုက်ကြပြန်ရော။ ပရိသတ်တွေ အများကြီး ခြံရံပြီးတော့ ဘုရားလောင်းမှာ အနှောင့်အယှက် များစွာ ဖြစ်ပြီးတော့ သွားနေရတာ။

အဲ့ဒီအနေအထားကို ဘယ်သူက သိလဲဆိုတော့ မဂါဇိန်ရသေ့က သိတယ်။ အလောင်းတော် သူမြတ် ပညာကြီးတဲ့ပုဂ္ဂိုလ်ကြီး တောထွက်လာတာ အနှောင့်အယှက်တွေ ဖြစ်နေပါလား၊ ငါ ကူညီရမယ်ဆိုပြီး ကောင်းကင်ကနေ ကြွလာတာ။

ကောင်းကင်ကနေ ကြွလာပြီးတော့ ဘာပြောလဲဆိုတော့ 'ပွဲလမ်းသဘင်တွေများ ကျင်းပနေသလား မသိဘူး' တဲ့။ ရွဲ့ပြီးတော့ ပြောတာ၊ လူတွေ များလွန်းလို့။

'ပွဲလမ်းသဘင် ကျင်းပနေတာ မဟုတ်ပါဘူး။ မြတ်သော တောထွက်ခြင်းကို တိုင်းသူပြည်သားတွေ

http://www.dhammadownload.com



နောက်ကလိုက်ပြီးတော့ တားနေကြတာပါ' ဆိုတော့-

'မင်းကြီး...သင်္ဘန်းကို ဝတ်ရုံလိုက်ရုံနဲ့ ကိလေသာ အတားအဆီးကို ကျော်လွှားနိုင်လိမ့်မယ်လို့ ထင်သလား' တဲ့။ 'ရဟန်းတစ်ပါးအတွက် ဒီလို လူတွေ တရုန်းရုန်း လိုက်နေတာ ဘယ်လိုမှ မသင့်တော်ပါဘူး' တဲ့။

သီဝလိဒေဝီတို့အုပ်စု ပြန်လှည့်သွားဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားလောင်းကို အထောက်အကူ ပြုဖို့ အတွက် လာပြောတာနော်။ မိဂါဇိန်ရသေ့ပြီးတော့ နာဒရ ရသေ့ကလည်း ဒီလိုပဲ လာပြီးတော့ အကူအညီပေးတယ်။

တစ်ရွာဝင် တစ်ရွာထွက်နှင့် သွားလိုက်တာ ဘယ်ကို ဦးတည်တာလဲဆိုတော့ ဟိမဝန္တာဆီကို ဦး တည်တာ။ ဘုရားလောင်းက သစ်ပင်ရင်းမှာပဲ အိပ် တယ်။ မိဖုရားကြီးကတော့ ရောက်ရာအရပ်မှာ သစ်တပ် ယာယီတဲနှန်း ထိုးပြီးတော့ အိပ်တယ်။ ဘုရားလောင်း သွားတဲ့နောက်ကို အကုန်လုံး တကောက်ကောက် လိုက် ကြတာ။

## လက်ကောက်ဥပမာ

ရှေ့ဆက်သွားတဲ့အခါကျတော့ ဦးဇင်းတို့ ဘာ တွေ့လဲဆိုတော့ ဆန်ပြာတမ်းကစားနေတဲ့ ကလေးမလေး တစ်ယောက်ကို တွေ့တယ်။

http://www.dhammadownload.com



လက်တစ်ဖက်မှာ လက်ကောက် တစ်ကွင်း ဝတ်ထားတယ်။ ကျန်တဲ့လက်တစ်ဖက်မှာတော့ လက်ကောက်နှစ်ကွင်း ဝတ်ထားတယ်။ ဆန်ပြာတမ်း ကစားတာဆိုတော့ အဲဒီလက်ကောက်နှစ်ကွင်း ဝတ်ထားတဲ့ဘက်က အသံ တချွင်ချွင် ထွက်နေတယ်။

အဲဒီမှာ ဘုရားလောင်းက ကလေးမလေးကို မေးတာ။ 'ဟိုဘက်က လက်က ဘာလို့ အသံထွက်နေတာလဲ' တဲ့။ ကလေးမလေးက ဥပ္ပလဝဏ်ထေရီမရဲ့ အလောင်းဆိုတော့ ဉာဏ်ရှိတယ်။ ဘယ်လို ပြန်ဖြေလဲဆိုတော့-

'ဝိဝါဒပွတ္တော ဒုတိယော'

'နှစ်ခုဆိုတာ ဖြစ်လာရင် အသံဆိုတာ ထွက်တော့တာပဲတဲ့။ အဲ့လိုပဲ လောကမှာ နှစ်ယောက်ဆိုတာ ဖြစ်လာလျှင် ငြင်းရတော့တာ ခုန်ရတာတော့တာ ပြောရတော့တာ ဆိုရတော့တာပဲ' တဲ့။

ကလေးမလေးက ဘုရားလောင်းကို ပြန်မေးတယ်။ 'ရှင်ရသေ့နှင့်အတူ ပါလာတာတွေက ဘယ်သူတွေလဲ။ ဘုရားလောင်းက ရှင်းလင်း ပြောပြတဲ့အခါကျတော့ ကလေးမလေးက-

http://www.dhammadownload.com



'ဒါဟာ ရသေ့တစ်ပါးအနေနဲ့ မသင့်တော်ပါဘူး' တဲ့။

အဲဒီလိုအပြောခံရတော့ 'သီဝလိ၊ မင်းကြောင့် ငါ အဲလိုအပြောခံရတာ မင်း ပြန်တော့' လို့ဆိုတယ်။ အဲဒီလို ဆိုပေမယ့်လည်း သီဝလိဒေဝီက နောက်ပြန်လှည့်သွားလား။ မလှည့်ပါဘူး။ ဘုရားလောင်းက ရှေ့ကကြွ၊ သူတို့က နောက်ကလိုက်။

## မြားဖြောင့်ပုံဥပမာ

ဒီလိုနဲ့ ရှေ့ဆက်ကြွသွားတဲ့အခါ ဘာတွေ့လဲဆိုတော့ လေးသမားတစ်ယောက်ကို တွေ့တယ်။ မြားတံကို အပူပေးပြီးတော့ မျက်စိတစ်ဖက်မှိတ်ပြီး ဖြောင့်နေတာ။ ဒီလေးသမားလည်း ဉာဏ်ရှိမယ်ဆိုရင် ငါ့ကို ကူညီနိုင်တန်ကောင်းရဲ့ဆိုပြီး လေးသမားနှင့် စကားသွားပြောတယ်။

'အသင် လေးသမား၊ အဘယ်ကြောင့် မျက်လုံးတစ်ဖက်တည်း ကြည့်ပြီးတော့ ဖြောင့်နေရတာလဲ'

'မင်းကြီး··· နှစ်ဖက်ကြည့်ရင် နှစ်မျိုး မြင်နေရတယ်၊ တစ်ဖက်တည်း ကြည့်တော့မှ မှန်မှန်ကန်ကန် မြင်ရတာပါ'

လေးသမားကလည်း ဘုရားလောင်းကို ပြန်

http://www.dhammadownload.com



ပြောတယ်။ ဒီလူတွေက ဘာတော်တာလဲ။ ရသေ့ ရဟန်းတွက် အခြံအရံတွေ ဒီလောက်များတာ မသင့် တော်ပါဘူးတဲ့။ ဘုရားလောင်းက ဝမ်းသာသွားတယ်။ သူ မျှော်လင့်တဲ့အတိုင်း လေးသမားက ကူညီပေးနေ တာ။ သို့မှသာ သီဝလိကို ပြန်ခိုင်းလို့ ရမှာ။ ဒါပေမယ့် သီဝလိဒေဝီကတော့ မပြန်ပါဘူး။

ရှေ့ဆက်သွားပြန်တော့ လမ်းကလေးတစ်ခုက လက်ဝဲတစ်လမ်း လက်ယာတစ်လမ်း နှစ်ခွ ဖြစ်နေ တယ်။ အဲဒီမှာ ဘုရားလောင်းက ရပ်ပြီးတော့-

'ကိုင်း သီဝလိ... မင်းကိုတော့ အပြတ်ပြောမှ ဖြစ်တော့မယ်။ ဟောဒီမှာ လမ်းနှစ်လမ်း ရှိတယ်။ မင်း ကြိုက်တဲ့လမ်းကို ရွေးပြီးသွားပါတော့' လို့ဆိုတော့ သီဝလိက ငိုယိုပြီး-

'အရှင်မင်းကြီးက လက်ယာလမ်းက ကြွပါ၊ ကျွန်တော်မျိုးမ လက်ဝဲလမ်းက သွားပါ့မယ်တဲ့။ ဒီ တော့ မင်းကြီးက လက်ယာလမ်းက သွားတယ်။ သီဝလိ ဒေဝီတို့က လက်ဝဲလမ်းက သွားကြတယ်။ ခဏလောက် နေတော့ သီဝလိဒေဝီ မနေနိုင်ဘူး ငိုယိုပြီး မင်းကြီး နောက်ကို ပြန်လိုက်လာပြန်တယ်။ အလွန်လည်း သနား စရာ ကောင်းပါတယ်။

http://www.dhammadownload.com



မိတ္ထီလာပြည်နှင့် ဟိမဝန္တာက ယူဇနာခြောက်ဆယ် ဝေးတယ်လို့ ဆိုတယ်။ အဲဒါသူတို့ ဟိမဝန္တာ ပေါက်ရောက်နေကြပြီ။ လနှင့်ချီပြီး လိုက်နေကြတာ။ သီဝလိဒေဝီက မလျှော့ဘူးနော်။ ဘုရားလောင်းက လည်း လုံးဝ ဆုံးဖြတ်ချက် ချထားပြီးသား။ ဘယ်လိုမှ နောက်ပြန်မလှည့်ဘူး။

## ဖြူဆံမြက်ဥပမာ

ဒီလိုနဲ့ ဘုရားလောင်းက ဟိမဝန္တာတောထဲ ဝင်ခါနီးမှာ အကြံတစ်ခု ရတယ်။ အနီးနားမှာရှိတဲ့ ဖြူဆံမြက်ပင် တစ်ပင်ကို ဆွဲနုတ်လိုက်တယ်။ မြက်ပင် ကလေးက ပြတ်ပြီးတော့ ပါလာတယ်။ အဲဒီ မြက် ကလေးကို ပြပြီးတော့-

'သီဝလိ.. ဟောဒီ မြက်ပင်ကလေးဟာ အောက်မှာ ကျန်ရစ်တဲ့ မြက်ပင်ငုတ်ကလေးနဲ့ ဘယ်လိုမှ ပြန်ပြီး ဆက်စပ်လို့ မရတော့ဘူး။ အဲသလိုပဲ မင်းနှင့် ငါက လည်း ဘယ်လိုမှ ပြန်ပြီးဆက်စပ်လို့ မရတော့ဘူး။ လုံးဝ ပြတ်သွားပြီ 'လို့ အပြတ်ပြောလိုက်တာ။

ဒီလိုလည်း ပြောလိုက်ရော သီဝလိဒေဝီက အဲဒီ စကားကို ဘယ်လိုမှ မခံစားနိုင်ဘူး။ တစ်ခါတည်း မူးမေ့ပြီး လဲကျသွားတယ်။ မိဖုရားကြီး သတိမေ့နေလို့

http://www.dhammadownload.com



မှူးမတ်တွေက ဝိုင်းပြီး ပြုစုနေတဲ့အချိန်မှာ ဘုရားလောင်းက တစ်ခါတည်း တောထဲကို အတင်းဝင်ပြေးတယ်။ အတင်းကို ပြေးရတာ။ ဖြည်းဖြည်း သွားလို့ကို မရဘူး။

မိဖုရားကြီး သတိရလို့ ကြည့်လိုက်တော့ ဘုရားအလောင်းက ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ အားလုံး မျက်ခြေပြတ်သွားတယ်။ ဘယ်လိုက်လို့ လိုက်ရမှန်း မသိတော့ဘူး။

ဒီတော့မှပဲ သီဝလိဒေဝီဟာ စိတ်လျှော့ပြီး နန်းတော်ကို ပြန်ရှာတယ်။ သူ့သားကို ထီးနန်းအပ်ပြီးတော့ ဥယျာဉ်ထဲမှာပဲ တရားကျင့်တယ်လို့ ဆိုပါတယ်။

ဘုရားလောင်းသူတော်ကောင်းကြီးရဲ့ စွန့်လွှတ်ရေးလုပ်ငန်းစဉ်က တော်တော် အခက်အခဲ ရှိတယ်လို့ မဆိုနိုင်ဘူးလား။ ဆိုနိုင်တယ်။ ဒါဆို ဘာလို့ စွန့်လွှတ်ဖို့ ကြိုးစားကြတာတုန်းလို့ မေးရင် ဒါ့ထက်ကောင်းတာကို ရဖို့အတွက် စွန့်ကြရတာ။ သဘောပေါက်ရဲ့လား။

နေကွမ္မပါရမီဆိုတာ ထွက်မြောက်နိုင်အောင် ကြိုးစားတာ၊ စွန့်လွှတ်နိုင်အောင် ကြိုးစားတာ။ မဟာဇနကမင်းကြီးကတော့ တားတဲ့လူတွေရှိနေလို့ အရမ်းခဲရာခဲဆစ် ကြိုးစားပြီးတော့ ထွက်ရတာ။

http://www.dhammadownload.com



ဒကာ ဒကာမတို့, ဦးဇင်းတို့ သာမန်လူတွေ ကျတော့ တားမယ့်လူတွေ ရှိလို့ မထွက်ကြတာလား ဆိုတော့ မဟုတ်ပါဘူး။ ထွက်ကိုမထွက်ချင်လို့ မထွက်ကြတာ။ တားမည့်လူတော့ မရှိပါဘူး။ ဒါပေမယ့် တားမယ့်အရာတော့ ရှိနေတယ်။

## အတားအဆီးနှစ်မျိုး

တားတယ်ဆိုတာ အပြင်က တားတာ၊ အတွင်းက တားတာဆိုပြီး နှစ်မျိုးရှိတယ်။ တကယ့်တကယ် ဒကာ ဒကာမတို့ ဦးဇင်းတို့ကို မထွက်နိုင်အောင် တားနေတာ ဘယ်အရာက တားနေတာလဲ။ လောဘက တားနေတာ။ ငြိကပ်တွယ်တာမှုက တားနေတာ။ သူ တားလို့ ရှိရင် ဘာမှ လုပ်လို့ မရဘူး။

လောဘကို သစ္စာအနက် တစ်ဆယ့်ခြောက်ချက် ထဲမှာ 'ပလိဗောဓတ္ထော'လို့ ဟောထားတယ်နော်။ မိုးကုတ်ဆရာတော်ကြီးက 'ပလိဗောဓတ္ထော- ထွက်ရပ်လမ်းကြီး မဂ်ခရီးကို တားဆီးနှောင့်ယှက် ကန့်ကွက်သော အနက်သဘောလည်းကောင်း'လို့ အနက်ပေးတယ်။ ဒါကြောင့် ဒကာဒကာမတို့ ဦးဇင်းတို့ မထွက်နိုင်တာဟာ ကိုယ့်ကိုယ်ကို ပြန်တားနေတဲ့ လောဘ အတားအဆီးကြောင့် မထွက်နိုင်တာ။

http://www.dhammadownload.com



လောဘဆိုတာကလည်း လူသာမန်တွေကို မပြောနဲ့ ဒီဘဝ ရဟန္တာဖြစ်နိုင်လောက်အောင် ဘုန်းကံ ပါရမီပါလာတဲ့ ပစ္စိမဘဝိကသားတွေကိုတောင် ဒီ လောဘက တားနိုင်သေးတာပဲ။

## စိတ္တဟတ္ထမထေရ်

ဓမ္မပဒအဋ္ဌကထာထဲမှာ ဖွင့်ပြထားတဲ့ ဝတ္ထုလေး ရှိတယ်။ ထွက်မြောက်ဖို့ဆိုတာ အလွန် ခက်ခဲတယ် ဆိုတာနှင့် ပတ်သက်ပြီးတော့ စဉ်းစားစရာလေးပေါ့။

မြတ်စွာဘုရား လက်ထက်တော်အခါက ဒကာ တစ်ယောက် နွားပျောက်ရှာရင်းနဲ့ ပင်ပန်းနွမ်းနယ်ပြီး တော့ ဘုန်းကြီးကျောင်း ရောက်လာတယ်။ ရဟန်းတွေ ဆွမ်းဘုဉ်းပေးပြီးတဲ့အချိန် သူ ရောက်လာတာ။သူက လည်း ဆာလောင်နေတာ့ ရဟန်းတွေကလည်း ဆွမ်းကျန် ကွမ်းကျန်တွေ ရှိနေတော့ ကျွေးတာပေါ့။ အရှင်ဘုရားတို့ ကျောင်းမှာ ဆွမ်းကပ်တွေ ဘာတွေ များရှိသလား။ မရှိပါဘူး ဒကာကြီး၊ နေ့တိုင်းပုံမှန် ဒီတိုင်းပါပဲလို့လည်း ပြောလိုက်ရော သူ့အတွက် စဉ်းစားစရာတွေ အများကြီး ရသွားတယ်။

အလွန်ဆင်းရဲတဲ့ လူ့ဘဝမှာ နေနေလို့ ဘာ

http://www.dhammadownload.com



အကျိုးရှိမလဲ။ အလွန်ချမ်းသာတဲ့ ရဟန်းဘဝကို ပြောင်းတော့မယ်ဆိုပြီးတော့ နောက်ရက်ကျတော့ ကျောင်းရောက်လာပြီး ရဟန်းပြုခွင့်တောင်းလို့ ရဟန်းတွေက သူ့ကို ရဟန်းပြုပေးလိုက်တယ်။

လေးငါးရက်လောက်တော့ သူ ပျော်ပျော်မွေ့မွေ့ နေတယ်။ ကြာတော့ ပျင်းလာတယ်။ ပျင်းတော့ တောင်တွေး မြောက်တွေးနဲ့ အိမ်ကိုပဲ မျက်စိထဲ တဝဲလည်လည် မြင်နေတယ်။ အဲ့ဒါနဲ့ ခုနစ်ရက်ပြည့်တော့ လူထွက်ပြီး အိမ်ပြန်သွားတယ်။

လေးငါးခြောက်ရက်လောက် အိမ်မှာ နေပြီးတော့ မပျော်ပြန်ဘူး။ ကျောင်း ရောက်လာပြန်တယ်။ သူက ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံတဲ့သူဆိုတော့ ရဟန်းတွေကလည်း သူ့ကို ရဟန်းပြုပေးကြပြန်တယ်။ အဲ့သလိုနဲ့ လေးငါးရက်လောက်နေတော့ ငြီးငွေ့ပြန်ပြီ။

ဒီလိုနှင့် လူထွက်လိုက် ရဟန်းဝတ်လိုက် လုပ်နေတာ ခြောက်ကြိမ်ထိ ရှိသွားတယ်။ ဒီဘဝ ရဟန္တာဖြစ်မယ့်ပုဂ္ဂိုလ်နော်။ သူ့ကို ရဟန်းတွေက ဘယ်လို နာမည်ပေးလဲဆိုတော့ **'စိတ္တဟတ္ထ**- စိတ်အလိုကို လိုက်တဲ့သူ' လို့ နာမည်ပေးတာ။

နောက်ဆုံးအကြိမ် လူထွက်ပြီးတော့ လယ်

http://www.dhammadownload.com



တောကနေ သူ မောမောပန်းပန်းနှင့် အိမ်ပြန်လာတယ်။ အိမ်ရောက်တဲ့အခါကျတော့ သူ့အမျိုးသမီးက အိမ်ခန်းထဲမှာ ပါးစပ်ကြီးဟရင်း အရိုအရွဲတွေ ကျုံးပြီး အိပ်ပျော်နေတယ်။ အဲဒါကြီးကို ကြည့်ပြီးတော့ သူ့စိတ်ထဲမှာ သုဿာန်ရောက်နေသလိုမျိုး ထင်သွားတယ်တဲ့။ အဲ့ဒီအချိန်မှာပဲ ထိတ်လန့်မှု သံဝေဂ အကြီးအကျယ် ဖြစ်သွားတယ်။

ဒါနဲ့ ဘုရားစင်မှာ ခေါက်သိမ်းထားတဲ့ သင်္ကန်းလေးယူပြီး ဘုန်းကြီးကျောင်းဆီ ထွက်သွားတာ။ လမ်းမှာ သွားရင်းနှင့် အနိစ္စ ဒုက္ခ အနတ္တလို့ ရွတ်သွားတာ။ သူ့စိတ်ထဲမှာ ဒီအသုဘ မတင့်မတယ်တဲ့ ပုံရိပ်ကြီးက ပေါ်နေတာ။ အဲဒါ လမ်းလျှောက်သွားရင်းနှင့် သောတာပန် ဖြစ်သွားတယ်။

ကျောင်းရောက်ပြီဆိုတော့ အရှင်ဘုရားတို့ တပည့်တော်ကို ရဟန်းပြုပေးပါ။ ရဟန်းတွေက ပြုမပေးနိုင်ဘူးတဲ့။ ဒါ နောက်ဆုံးအကြိမ်ပါပဲ၊ ဝတ်ပေးပါလို့ လျှောက်တော့ ရဟန်းတွေက သူ့အပေါ်မှာ မေတ္တာကလည်း ရှိရင်းစွဲရှိနေတော့ သူကို ရဟန်းဝတ်ပေးကြတယ်။ သုံးလေးရက်လောက်နေတော့ ရဟန္တာဖြစ်သွားတယ်။

http://www.dhammadownload.com



အခြားရဟန်းတော်တွေက ဒီတစ်ခါ ကိုယ့်လူ ကြာလှချေလားပေါ့။ ဒါနှင့် ဘာပြောကြလဲဆိုတော့ 'ငါ့ရှင်.. အခါတိုင်းဆို ဒီအချိန် အိမ်ပြန်နေကြပဲ။ အိမ်မပြန်သေးဘူးလား' လို့ မေးတော့ စိတ္တဟတ္ထမထေရ်က-

'အရှင်ဘုရားတို့.. တပည့်တော်ဟာ ရင်းနှီးမှု ဆက်ဆံမှု ရှိတုန်းကသာလျှင် အိမ်ကို သွားနေတာ။ အခု ရင်းနှီးမှု ဆက်ဆံမှု တပည့်တော်မှာ မရှိတော့ဘူး' တဲ့။

အဲလိုပြောတဲ့အခါကျတော့ ရဟန်းတော်တွေက 'ဟာ... ဒီစကားက အလွန်မြင့်တယ်။ သူ့ကိုယ်သူ ကိလေသာကုန်ခန်း ရဟန္တာလို့ ပြောနေတာပဲ' ဆိုပြီး မြတ်စွာဘုရားဆီကို ခေါ်သွားပြီးတော့ လျှောက်တယ်။ မြတ်စွာဘုရားက -

'ဟုတ်တယ်။ သူဟာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားပြီ' လို့ ဖြေတော်မူတယ်။

အဲ့ဒီတော့မှ ရဟန်းတော်တွေက 'မြတ်စွာဘုရား... ဒီလို ရဟန္တာဖြစ်မယ့် ပုဂ္ဂိုလ်ဟာ ဘယ်နယ်ကြောင့်များ ဒီလိုကြီး ဖြစ်ရသလဲ' လို့ မေးလျှောက်ကြတယ်။ ဒီတော့ မြတ်စွာဘုရားရှင်က-

http://www.dhammadownload.com



"ရဟန်းတို့... ကိလေသာဆိုတာ အလွန် ဝန်လေးတဲ့သဘောရှိတယ်။ ကိလေသာတရားဟာ အစိုင်အခဲဖြစ်လို့ ပုံထားလို့များ ရမယ်ဆိုရင် စကြဝဠာကြီးဟာ ကျဉ်းလွန်းတယ်တဲ့။ မိုးကောင်းကင်ကြီးဟာ နိမ့်လွန်းတယ်တဲ့။

## ကုဒါလပဏ္ဍိတဇာတ်

အဲဒီမှာ မြတ်စွာဘုရားက ဒီလို သာမန်ပုဂ္ဂိုလ်ကို မဆိုထားနှင့် ငါဘုရားလောင်းလို ပုဂ္ဂိုလ်မျိုးမှာတောင် လောဘကို တော်လှန်နိုင်ဖို့ အကြိမ်ကြိမ် ရုန်းရ ကန်ရတဲ့ အနေအထားတွေ ရှိခဲ့ဖူးတယ်ဆိုပြီးတော့ ကုဒါလပဏ္ဍိတဇာတ်ကို ဟောတော။

ဘုရားလောင်းကြီးဟာ ဘဝတစ်ခုမှာ ရသေ့ဝတ်တယ်။ သူ့မှာ သံယောဇဉ်တွယ်စရာ အများကြီးတော့ မရှိဘူး။ ပေါက်ပြားအတိုလေး တစ်ချောင်း ရှိတယ်။ ပြောင်းထုပ်လေး တစ်ထုပ်ရှိတယ်။ သူ ချမ်းသာတာ ဒါအကုန်ပဲ။

ရသေ့ဝတ်နေပြီးတော့ မိုးကျလာပြီဆိုတာနှင့် ပေါက်ပြားနှင့် ပြောင်းထုပ်လေးကို အမှတ်ရလာတယ်။ ဒါကြောင့် လူထွက်ပြီး အိမ်ပြန်ရောက်လာတယ်။

http://www.dhammadownload.com



ပေါက်ပြားတိုလေးနှင့် ပြောင်းစိုက်ပြီး စားနေပြန်ရော။ မိုးလည်း ကုန်ပြန်ရော ရသေ့ပြန်ဝတ်ပြန်တယ်။ ဘယ်နှကြိမ် ဝင်လိုက် ထွက်လိုက်လုပ်နေလဲ ဆိုတော့ ခြောက်ကြိမ်တိတိ ရှိသွားတယ်။

ခုနစ်ကြိမ်မြောက် ရောက်တဲ့အခါကျတော့ ဘုရားလောင်းက အများကြီး စဉ်းစားမိတယ်။ ဟောဒီ ပေါက်ပြားတိုနှင့် ဟောဒီ ပြောင်းထုပ်လေးကြောင့် ငါ ဒုက္ခရောက်နေတာ။ ဒီတစ်ခါတော့ မဖြစ်တော့ဘူး။ မင်းတို့ကို ငါ လက်စဖြတ်မှ ဖြစ်မယ်ဆိုပြီးတော့ ဂင်္ဂါမြစ်ကမ်းပါးမှာ ရပ်၊ ပြောင်းထုပ်ကို ပေါက်ပြားတိုမှာ ချည်ပြီးတော့ မြစ်ထဲ လွှင့်ပစ်လိုက်တယ်။ လက်စပြတ်လုပ်လိုက်တာ။ ဇယားပြတ်သွားပြီ။

အဲဒီကျတော့မှ ဘုရားလောင်းက-

**'စိတ် မေ**- ငါ အောင်ပြီ'

**'စိတ် မေ** - ငါအောင်ပြီ'လို့ အော်တာ။

အဲဒီအသံကို စစ်တိုက်ပြန်လာတဲ့ ဘုရင်ကြီးက ကြားတော့ ဘုရားလောင်းကို မေးတာ။ နေပါဦး ငါကတော့ စစ်ကို အောင်လို့ ပြန်လာတာ။ မင်းက ဘာကို အောင်နိုင်တာလဲ။

http://www.dhammadownload.com



ကုဒါလပဏ္ဍိတက ဘာပြန်ပြောလဲဆိုတော့-
"မင်းကြီး... အရှင်မင်းကြီး အောင်တယ်ဆိုတာ အပြင်ရန်သူကို အောင်တာ။ အပြင်ရန်ကို အောင်ခြင်းဆိုတာ ဘယ်သောအခါမှ အပြီးအပိုင် အောင်ခြင်းမျိုး မဟုတ်ဘူးတဲ့။ တစ်ဖန်ပြန်ပြီး ရှုံးနိမ့်ဦးမှာပဲ။ ဒါကြောင့် မြင့်မြတ်တဲ့ အောင်ခြင်းလို့ မဆိုနိုင်ဘူး။ နောက်တစ်ခါ ထပ်ပြီးတော့ တိုက်ရဦးမှာပဲ။ ယာယီခဏပဲ အောင်တာ။ အပြီးအပိုင် အောင်တယ်ဆိုတာ မရှိဘူး။

လောဘကို အောင်နိုင်တာ၊ အတွင်းရန်ကို အောင်နိုင်တာကမှ အပြီးအပိုင် အောင်ခြင်းလို့ ခေါ်နိုင်တာပါတဲ့။ လောဘကို အောင်ခြင်းကသာ အလွန် မြင့်မြတ်တယ်ဆိုပြီး ဘုရားလောင်းက ဂါထာလေးတစ်ပုဒ် ရွတ်ပြတယ်။

**'နံ တံ ဇိတံ သာဓု ဇိတံ၊**
**ယံ ဇိတံ အဝဇိယတိ။**
**တံ ခေါ ဇိတံ သာဓု ဇိတံ၊**
**ယံ ဇိတံ နာဝ ဇိယတိ။'**

တစ်ဖန်ပြန်ပြီးတော့ အောင်ဖို့ လိုအပ်တဲ့ အောင်ခြင်းဟာ မြင့်မြတ်တဲ့ အောင်ခြင်းလို့ မဆိုနိုင်ဘူး။ ကောင်းမွန်တဲ့ အောင်ခြင်းလို့လည်း မဆိုနိုင်ဘူး။

http://www.dhammadownload.com



နောက်တစ်ခါ ထပ်ပြီးတော့ အောင်ဖို့ မလိုတဲ့ အောင်မြင်ခြင်းကမှ မြင့်မြတ်တဲ့ အောင်မြင်ခြင်းလည်း ဖြစ်တယ်။ ကောင်းမွန်တဲ့ အောင်မြင်ခြင်းလည်း ဖြစ်တယ်တဲ့။

## နေကွမ္မပါရမီ မဖြည့်နိုင်ခြင်း၏အကြောင်း

ဒါကြောင့် မထွက်မြောက်နိုင်အောင် တားတဲ့ နေရာမှာ အပြင်ဘက်က အရာက ပမာန မကျဘူး။ ကိုယ့်ရဲ့ အတွင်းက လောဘဆိုတဲ့ အရာကသာလျှင် ပမာနကျတယ်။ ကိုယ်တွင်းက လောဘကိုသာ နိုင်အောင် ကြိုးစား အားထုတ်မယ်ဆိုရင် ဒီ အနှောင်အဖွဲ့တွေကနေ လွတ်မြောက်အောင် ကြိုးစားတဲ့ နေရာမှာ လျှောလျှောရှူရှူ ဖြစ်သွားမယ်။

အခု တရားရဲ့ နိဂုံးပိုင်းမှာ အပြင်က အနှောင်အဖွဲ့တွေက ပမာနကျသလား ကိုယ့်ရဲ့ အတွင်းက ရုန်းကန်နိုင်မှုတွေကပဲ ပမာနကျသလားဆိုတာကို စဉ်းစားနိုင်စေဖို့ သုတ္တန်လေးတစ်ခု ပြောပြမယ်။

များသောအားဖြင့် လူတွေ ပြောကြတာရှိတယ်။ တပည့်တော်တို့ဘဝက သိပ်မလွယ်ဘူး။ အနှောင်အဖွဲ့တွေ အရမ်းကြီးတယ်၊ ထွက်ဖို့ မလွယ်ဘူးတဲ့။ တကယ်

http://www.dhammadownload.com



တမ်းက အနှောင်အဖွဲ့တွေ ကြီးလို့ မထွက်နိုင်တာ မဟုတ်ပါဘူး။ ရုန်းကန်နိုင်တဲ့ အားမကြီးလို့ မထွက်နိုင်တာပါ။ ဒါကို သဘောပေါက်ရဲ့လား။

ရုန်းကန်နိုင်တဲ့ အားကသာ ကြီးမယ်ဆိုရင် ဘယ်လောက်ကြီးတဲ့ အနှောင်အဖွဲ့ပဲဖြစ်ဖြစ် အဲ့ဒါ အနှောင်အဖွဲ့လို့ မဆိုနိုင်ဘူး။ ဒါကို နားလည်ဖို့ လိုတယ်။

လူတွေ ပြောနေတာက အနှောင်အဖွဲ့ကြီးလို့ မထွက်နိုင်တာ၊ အနှောင်အဖွဲ့သေးရင်တော့ ထွက်နိုင်မယ်ဆိုတဲ့ သဘောမျိုး ပြောနေကြတာ။ အနှောင်အဖွဲ့ဆိုတာ ဘယ်ဟာက သေးတယ်၊ ဘယ်ဟာက ကြီးတယ်လို့ ပြောဖို့ မလွယ်ဘူး။ ကိုယ့်ပေါ်မှာပဲ မူတည်နေတာ။ အခုသုတ္တန်လေးကို ကြည့်ပြီး ဒါကို စဉ်းစားစေချင်တာ။

## လဋ္ဌကိကောပမသုတ္တန်

သုတ္တန်ရဲ့နာမည်က လဋ္ဌကိကောပမသုတ္တန်တဲ့။ လဋ္ဌကိကဆိုတာ ဘီလုံးငှက်၊ နှံစုတ်ငှက်ကို ပြောတာ။ သုတ္တန်က တော်တော်ရှည်တော့ ကောက်နှုတ်ချက်လောက်ပဲ ဦးဇင်း ပြောပါ့မယ်။

မြတ်စွာဘုရားလက်ထက်က ဥဒါယီမထေရ်ဆိုတာ ရှိတယ်။ ဥဒါယီမထေရ်က မြတ်စွာဘုရားကို

http://www.dhammadownload.com



လျှောက်တယ်။ မြတ်စွာဘုရားဟာ တပည့်တော်တို့ရဲ့ အပေါ်မှာ ဆင်းရဲကနေ ထုတ်ဆောင်ပြီးတော့ ချမ်းသာစေဖို့ အလွန်မှ ပို့ဆောင်နိုင်ပါတယ်တဲ့။ အကုသိုလ်တရားတို့မှ ထုတ်ဆောင်ပြီးတော့ ကုသိုလ်တရားတို့မှာ အလွန်တရာမှ တည်စေပါတယ်။ တပည့်တော်တို့အပေါ်မှာ အလွန်မှ ကျေးဇူး ကြီးမားလှပါတယ်တဲ့။

သူ့ရဲ့ ခံစားချက်ကို သူ ပြောနေတာ။ တပည့်တော်ဟာ အရင်တုန်းက နေ့လွဲစာ မစားရဘူးလို့ မြတ်စွာဘုရားက ပညတ်တော့ တပည့်တော် စိတ်ထဲမှာ မကျေနပ်ဘူးတဲ့။

သာသနာအစပိုင်းတုန်းက နံနက်လည်း စားတယ်၊ နေ့လယ်လည်း စားတယ်၊ ညလည်း စားတယ်။ နောက်ကျမှ မြတ်စွာဘုရားက ပညတ်တာ။ နေ့လွဲစာ မစားရဘူး။ ညစာ မစားရဘူး။ နှစ်ခါတောင် ပညတ်ရတာ။

ဥဒါယီမထေရ်က 'ဩော်.. မြတ်စွာဘုရားက နေ့လွဲစာ မစားရဘူးလို့ ပြောတယ်'။ ဒါဆို ငါ နေ့လွဲစာတော့ မစားတော့ပါဘူး။ ဒါပေမယ့် ညစာလေးတော့ သူ ဆွမ်းခံပြီး စားနေသေးတယ်။

နောက်တစ်ခါ နေ့လွဲစာတင် မကဘူး၊ ညစာပါ မစားရဘူးလို့ ပညတ်တော့ သူ မကျေနပ်တော့ဘူး။

http://www.dhammadownload.com



ညစာကို လူတိုင်းက ကောင်းကောင်းမွန်မွန် လုပ်စား နေကြတာကိုး။ ညစာ မစားရရင် အဆင်ပြေတော့မှာ မဟုတ်ဘူးလို့ သူ တွေးတယ်။

သို့သော် မြတ်စွာဘုရားရဲ့ အပေါ်မှာ ချစ်ခင်တဲ့ စိတ် ကြည်ညိုတဲ့စိတ် မြတ်နိုးတဲ့စိတ်ကြောင့် ဒီ စည်း ကမ်းကို သူ မဖောက်ဖျက်ဘူး။ မစားရဘူးဆိုတော့လည်း မစားဘဲ နေလိုက်တယ်။

မစားဘဲ နေကြည့်လိုက်တဲ့ အခါကျတော့မှ ဒါ အလွန်ကောင်းပါလားဆိုတာကို သူ သိရတယ်တဲ့။ အစ ကတော့ ညစာ မစားရတာကို မကျေနပ်ဘူး။ သူ ရိုးရိုး သားသား သူ ဖွင့်ပြောနေတာနော်။

တကယ် ကျင့်သုံးကျင့်လိုက်တဲ့ အခါကျတော့ 'သြော်... ဟုတ်လိုက်တာ'။ မြတ်စွာဘုရားရဲ့ ပညတ် ချက်ကို သူ သဘောကျ ကျေနပ်သွားတယ်။ အဲ့ဒါကို သူ မြတ်စွာဘုရားကို လျှောက်နေတာ။

ဥဒါယီရဲ့ လျှောက်ထားချက်ကို အကြောင်းပြု ပြီး ဒီ 'လဋ္ဌကိကောပမသုတ္တန်'ကို ဟောတာ။

'ဥဒါယီ... ငါဘုရားက ဒါကို စွန့်ကြ၊ ဒါကို ပယ်ကြလို့ ဟောတဲ့အခါမှာ အချည်းနှီးသော ယောကျ်ား

http://www.dhammadownload.com



တွေဟာ သူတို့ရဲ့ စိတ်ထဲမှာ မကျေနပ်ကြဘူး'။

'ဒီရဟန်းကြီးတွေက ခေါင်းပါးတဲ့အကျင့်ကို ကျင့်လိုက်ကြတာ' ဆိုပြီး ဘုရားအပေါ်မှာရော ကျင့်သုံးနေတဲ့ ရဟန်းတွေအပေါ်မှာရော မကျေနပ်ကြဘူး'

## ဘီလုံးငှက်ဥပမာ

ဒီနေရာမှာ မြတ်စွာဘုရားက ဥပမာလေးနဲ့ ပြောပြတယ်။ နံစုတ်ငှက်ကလေး ဘီလုံးငှက်ကလေးကို နွယ်ပုပ်ကလေးနှင့် သူ့ကို ချည်ထားလိုက်တယ်။ နွယ်ပုပ်ကလေးက သေးသေးလေးဆိုပေမယ့် ဘီလုံးငှက်ကတော့ ဘယ်လိုမှ မရုန်းနိုင်ဘူး။ သူ့အတွက် အလွန်ကြီးတဲ့ ကြိုးကြီး ဖြစ်နေတယ်။

ဘီလုံးငှက်အတွက် ဒီ နွယ်ပုပ်ကြိုးလေးက မခိုင်မာတဲ့ ကြိုးလို့ ဆိုနိုင်မလား။ မဆိုနိုင်ဘူး။ ဘီလုံးငှက်အတွက်ကတော့ နွယ်ပုပ်ကြိုးလေးဟာ အလွန်ခိုင်မာ အလွန်အားကြီးတဲ့ အနှောင်အဖွဲ့ပဲ။

အဲ့သလိုပဲ မြတ်စွာဘုရားက ဒါကို မလုပ်နဲ့ ပယ်ကြလို့ ပြောတယ်။ အဲဒီကိစ္စက ဘာမှ ခဲခဲယဉ်းယဉ်းကြီး မဟုတ်ဘူး။ သို့သော် တချို့ရဟန်းတွေက မပယ်နိုင်ဘူး။ မစွန့်နိုင်ဘူး။ ဒါကြောင့် ဒါဟာ သူတို့ အတွက်တော့ ကြီးမားတဲ့ အနှောင်အဖွဲ့ကြီးပဲတဲ့။

http://www.dhammadownload.com



## စစ်ဆင်ကြီးဥပမာ

တချို့ သဒ္ဓါတရားနှင့် ပြည့်စုံတဲ့ ရဟန်းတွေ အတွက်တော့ 'ငါဘုရားက ဒါကို မလုပ်နဲ့၊ ဒါကို ပယ်ကြ၊ ဒါကို စွန့်ကြ' လို့ ပြောလိုက်လို့ရှိရင် သူတို့က 'သြော်... မြတ်စွာဘုရားက မလုပ်နဲ့ဆိုရင် မလုပ်ဘူး' ဆိုပြီး ရှောင်ကြဉ်ကြတယ်။ ပယ်စွန့်ကြတယ်။

အဲဒီလို ရဟန်းတွေအတွက်ကျတော့ ဘာနှင့် ဥပမာတူလဲဆိုတော့ မင်းရဲ့စစ်ဆင်ကြီးတွေနှင့် တူတယ်။ အဲဒီ ဆင်ကြီးတွေကို အလွန်ခိုင်မြဲတဲ့ လွန်ကြိုးကြီးတွေနှင့် ချည်ထားမယ်။ သို့သော် စစ်ဆင်ကြီးတွေက အသာလေး ရုန်းလိုက်တာနှင့် အကုန် ပြတ်ထွက်သွားမယ်။ အဲဒီလွန်ကြိုးတွေကို စစ်ဆင်တွေအတွက် ခိုင်မြဲတဲ့ကြိုးလို့ ဆိုနိုင်မလား။ မဆိုနိုင်ပါဘူး။ မခိုင်မြဲသော ပုပ်ဆွေးနေသာ အနှောင်အဖွဲ့လိုပဲ ဆိုရမယ်။

မြတ်စွာဘုရားက ဒါကို ပယ်စွန့်ကြလို့ ပြောရင် ပယ်စွန့်နိုင်တဲ့ ပုဂ္ဂိုလ်အတွက် အနှောင်အဖွဲ့မဟုတ်ဘူး။ မပယ်စွန့်နိုင်ဘူးဆိုရင်တော့ သူ့အတွက် အနှောင်အဖွဲ့ဖြစ်နေတယ်။ အဲဒါကို ဆက်ပြီးတော့ နားလည်အောင် မြတ်စွာဘုရားက ဥပမာတစ်စုံ ထပ်ပေးတယ်။

http://www.dhammadownload.com



## ဆင်းရဲသားဥပမာ

ဆိုကြပါစို့.. အလွန်ဆင်းရဲတဲ့ လူတစ်ယောက် ရှိတယ်။ သူ့မှာ ဘာပဲရှိလဲဆိုတော့ ကျီးတသောသော နှင့် ယိုင်လဲလုမတတ် ဖြစ်နေတဲ့ တဲအစုတ်လေး တစ်လုံးရှိတယ်။ အထဲမှာလည်း အိပ်ဖြစ်ရုံလေး ထန်းခေါက် လျှော်နဲ့ တွဲချည်ထားတဲ့ ကုတင်အစုတ်ကလေး တစ်လုံး ရှိတယ်။ ပြီးတော့ လူးဆန်လေးတွေ၊ ပဲဆံလေးတွေ၊ ပြောင်းစေ့လေးတွေ ထည့်ထားတဲ့ မျိုးစေ့အိုးလေးတစ်လုံးလည်း ရှိတယ်။ အလွန်အရုပ်ဆိုး အကျည်းတန်တဲ့ ဇနီးမယားတစ်ယောက် ရှိတယ်။ သူ့မှာ ရှိတာ ဒါအကုန်ပဲ။

ဆင်းရဲသားက တစ်နေ့ကျတော့ ချမ်းချမ်းသာသာ တရားအား ထုတ်နေတဲ့ ရဟန်းတစ်ပါးကို မြင်တယ်။

'ဩော်... ဒီရဟန်း ကောင်းမွန်တဲ့ အစားအစာကို ဘဉ်းပေး သုံးဆောင်ပြီးတော့ အေးချမ်းရာအရိပ်မှာ ငြိမ်ငြိမ်သက်သက် ထိုင်ပြီး မြင့်မြတ်တဲ့အလုပ်ကို လုပ်နေတာ ကောင်းလိုက်တာ၊ ချမ်းသာလိုက်တာ' ဆိုပြီး သူလည်း ရဟန်းပြုဖို့ ကြံစည်တယ်။

ဒါပေမယ့် တကယ့်တကယ်မှာတော့ သူ ရဟန်းမပြုနိုင်ခဲ့ဘူး။ တဲစုတ်လေးရယ်၊ ကုတင်စုတ်လေးရယ်၊

http://www.dhammadownload.com



အိုးလေးတစ်လုံးရယ်၊ အကျည်းတန်တဲ့ ဇနီးမယားရယ်၊ ဒါတွေကို သူ မစွန့်လွှတ်နိုင်ဘူး။

အပေါ်ယံ ကြည့်ရင်တော့ ဆင်းရဲသားရဲ့ စည်းစိမ်ဥစ္စာတွေက မခိုင်မြဲတဲ့ အနှောင်အဖွဲ့လို့ ထင်ရပေမယ့် တကယ့်တကယ်ကတော့ သူ့အတွက် အလွန်ခိုင်မြဲတဲ့ အနှောင်အဖွဲ့ပါပဲ။ သူ့အတွက် အလွန် အားကြိုးခိုင်မာတဲ့ အနှောင်အဖွဲ့တွေပဲ။ မြတ်စွာဘုရားက ဥပမာကို ပြောတာနော်။

ထို့အတူ မြတ်စွာဘုရားက ဒါကို ပယ်စွန့်ကြလို့ ပြောတဲ့အခါမှာ မပယ်စွန့်နိုင်သူအတွက်ကတော့ အနှောင်အဖွဲ့ပဲ။ ဆိုလိုရင်းကတော့ မစွန့်နိုင်ခြင်းသည်သာ အနှောင်အဖွဲ့ပဲ။

## သူဌေးဥပမာ

နောက်ထပ် ဥပမာတစ်ခု ထပ်ပေးတယ်။ အလွန်ချမ်းသာတဲ့ သူဌေးတစ်ယောက်...။ စောစောကလိုပဲ ရဟန်းတစ်ပါးကို တွေ့တယ်။

'ဩော်... သူတို့များ ချမ်းသာလိုက်တာ။ ငါလည်း အေးချမ်းတဲ့ ရဟန်းဘဝကို ကူးပြောင်းတော့မယ် ဆိုပြီး ရှိရှိသမျှ စည်းစိမ်ဥစ္စာအားလုံးကို စွန့်လွှတ်ပြီးတော့ ရဟန်းပြုသွားတယ်။

http://www.dhammadownload.com



သူ ပိုင်ဆိုင်ခဲ့တဲ့ စည်းစိမ်ဥစ္စာတွေက ဘယ်လောက် များတယ်ပဲဆိုဆို သူ့အတွက်တော့ ခိုင်မြဲတဲ့ အနှောင်အဖွဲ့တွေ မဟုတ်ဘူး။

ဆိုလိုရင်းက ပယ်စွန့်နိုင်သူအတွက် ကြီးကျယ်တဲ့ အနှောင်အဖွဲ့ဆိုတာ မရှိဘူး။ မပယ်စွန့်နိုင်သူအတွက်တော့ အရာအားလုံးက ခိုင်မြဲတဲ့ အနှောင်အဖွဲ့တွေပဲ ဖြစ်နေတယ်။

ဘဝမှာ လွတ်မြောက်ခြင်း၊ မလွတ်မြောက်ခြင်း ဆိုတာ အနှောင်အဖွဲ့အပေါ်မှာ အဓိက မူတည်တာလား၊ ရုန်းကန်နိုင်မှုအပေါ်မှာ အဓိက မူတည်တာလား။ ဒါကို စဉ်းစားစေချင်တာနော်။

လဋ္ဌကိကောပမသုတ္တန်ရဲ့ အနှစ်ချုပ်လေးက အနှောင်အဖွဲ့ အကြီးအသေးက ပဓာနလား၊ ရုန်းကန်နိုင်မှု ရှိခြင်း မရှိခြင်းက ပဓာနလား။ ဒါကို အဓိက ပြောထားတာ။

## ဗလင်းတန်

ရုန်းကန်နိုင်တဲ့ စွမ်းအားဆိုတာကလည်း အဓိက ပညာကို ရည်ညွှန်းတာပဲ။ အသိဉာဏ် ပညာတကယ် အားကြီးပြီဆိုရင် ဖောက်မထွက်နိုင်တဲ့ အနှောင

http://www.dhammadownload.com



အဖွဲ့ဆိုတာ မရှိဘူး။ ဒီအနှောင်အဖွဲ့ကို ကိုယ်က ဖောက်မထွက်နိုင်သေးဘူးဆိုရင် ကိုယ့်မှာ ဖောက်ထွက်နိုင်လောက်အောင် ကြီးမားတဲ့ ဉာဏ်ပညာ မရှိသေးလို့။

ဉာဏ်ပညာဆိုတာလည်း အလကားတော့ ရလာတာ မဟုတ်ဘူး။ ဉာဏ်ပညာရဲ့ နီးစွာသော အကြောင်းတရားက သမာဓိ။ သမာဓိဆိုတာလည်း အလကား မရဘူး။ သတိတွေ ခိုင်မြဲနေမှ သမာဓိ ရတာ။ သတိကလည်း အလကား မရဘူး။ ကြိုးစား အားထုတ်ပြီးတော့ တည်ဆောက်မှ ရတာ။ ကြိုးစား အားထုတ်နိုင်မှုဆိုတာကလည်း ယုံကြည်မှုဆိုတဲ့ သဒ္ဓါတရား ရှိမှ။

ပညာ၊ သမာဓိ၊ သတိ၊ ဝီရိယ၊ သဒ္ဓါ 'ဗိုလ်ငါးပါး'၊ ခွန်အားငါးမျိုး။ အနှောင်အဖွဲ့တွေကနေ လွတ်မြောက်ဖို့ ရုန်းကန်ချင်တယ်ဆိုရင် ဒီခွန်အား ငါးမျိုး၊ ဗိုလ်ငါးမျိုး ရှိရမယ်။ ဒီ ဗလငါးတန်သာ ရှိနေရင် ဘယ် အနှောင်အဖွဲ့ကိုမှ အနှောင်အဖွဲ့လို ပြောလို့ မရတော့ဘူး။ အနှောင်အဖွဲ့ ရှိခဲ့သည်တိုင် ခိုင်မြဲတဲ့ အနှောင်အဖွဲ့ မဟုတ်ဘူး။ ဗလငါးတန်သာ မရှိဘူးဆိုရင် အနှောင်အဖွဲ့တိုင်းက အားကြီးနေမှာပဲ။ လူပ်ကို လူပ်နိုင်မှာ မဟုတ်ဘူး။ အရာအားလုံးဟာ ကိုယ့်အတွက် စုန်းစုန်းမြုပ်သွားစေမယ့် အနှောင်အဖွဲ့တွေချည်း ဖြစ်နေလိမ့်မယ်။

http://www.dhammadownload.com



ပြင်ပအရာတွေက အဓိက မဟုတ်ဘူး။ ကိုယ့်ရဲ့ အတွင်းစိတ်က အဓိက။ အပြင်က ဘာပဲဖြစ်နေနေ အတွင်းက ရုန်းထွက်နိုင်မယ့် ခွန်အားတွေ ရှိနေရင် လွတ်မြောက်သွားမှာပဲ။ ဒါကြောင့် ရုန်းကန်နိုင်မယ့် ခွန်အားတွေ ရှိဖို့လိုတယ်။

အဲဒီခွန်အားတွေကို ရချင်တယ်ဆိုရင်တော့ သတိပဋ္ဌာန်လေးပါးကို အားထုတ်ရလိမ့်မယ်။ တရားကို ကြိုးစားပြီးတော့ ပွားများလာတာနဲ့အမျှ သဒ္ဓါတရားတွေလည်း တက်လာမယ်။ ဝီရိယတွေလည်း တက်လာမယ်။ သတိ၊ သမာဓိ၊ ပညာတွေလည်း တက်လာမယ်။ ခွန်အားတွေ တက်လာတာနဲ့အမျှ ရုန်းကန်စရာ ရှိတာကို ရုန်းကန်သွားနိုင်မယ်။ နောက်ဆုံး အနှောင်အဖွဲ့တွေကနေ လွတ်မြောက်သွားမယ်။

## နေကွမ္မပါရမီတရားတော် အနှစ်ချုပ်

နေကွမ္မပါရမီနှင့် ပတ်သက်ပြီးတော့ ဦးဇင်းတို့ မှတ်သားစရာလေးတွေကို ပြောခဲ့ပါတယ်။ ပြောခဲ့တာတွေကို အနှစ်ချုပ်ကြည့်မယ်နော်။

နေကွမ္မပါရမီနှင့် ပတ်သက်ပြီးတော့ ဘုရားလောင်းက အချုပ်ထောင်ထဲမှာ ကြာမြင့်စွာ နေနေရတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်ဟာ ဒီအချုပ်ထောင်ကြီးအပေါ်မှာ ငြိကပ် တွယ်တာမှု မရှိဘဲနှင့် လွတ်မြောက်မှုကိုသာလျှင် အမြဲတမ်း ရှာဖွေနေသလို မိမိတို့ရဲ့ဘဝကို အချုပ်ထောင်လို့ နားလည်ပြီးတော့ လွတ်မြောက်အောင် ကြိုးစားရမယ်။

နေကွမ္မဆိုတာ ဘာလဲလို့ မေးရင် ဝတ္ထုကာမ၊ ကိလေသာကာမတို့မှ ထွက်မြောက်နိုင်အောင် ကြိုးစားတာ။ အထူးသဖြင့် ကိလေသာကာမကနေ လွတ်မြောက်အောင် ကြိုးစားတာ။

အလောဘသည် 'နေကွမ္မတရား'။ 'လောဘ မဖြစ်အောင် လုပ်နိုင်တယ်၊ အလောဘ ဖြစ်အောင် လုပ်နိုင်တယ်'ဆိုရင် နေကွမ္မပါရမီကို ဖြည့်ဆည်းရာရောက်တယ်။

ပါရမီဆယ်ပါးထဲမှာ နေကွမ္မပါရမီသည် အဓိကအကျဆုံးဆိုတာကိုလည်း ပြောခဲ့တယ်။

လွတ်မြောက်မှုကို ရှေးရှုနေမှသာလျှင် ကျန်တဲ့ မြင့်မြတ်တဲ့အလုပ်တွေက ပါရမီထိုက်တာ။

ကုသိုလ်ပြုတိုင်း ပြုတိုင်း ပါရမီထိုက်အောင် လွတ်မြောက်ရေးဘက်ကို ရှေးရှုပြီးတော့ လုပ်လိုက်မယ်ဆိုလို့ရှိရင် နေကွမ္မလည်း ဖြစ်တယ်၊ ပါရမီလည်း ထိုက်တယ်။

http://www.dhammadownload.com



နေကွမ္မရဲ့ အနီးဆုံးအကြောင်းက သံဝေဂဆိုတာ ပြောခဲ့တယ်။

လောဘဆိုတာ ရှိနေရင် အပေါင်းအဖော်နှင့် နေခြင်း၊ လောဘမရှိရင် တစ်ကိုယ်တည်း နေခြင်း။ အများနှင့်ပဲနေနေ၊ တစ်ယောက်တည်းပဲနေနေ၊ လောဘရှိရင်တော့ အပေါင်းအဖောင်နှင့် နေနေတာ။

သို့သော် မြို့ထဲ ရွာထဲမှာ သမာဓိရှိတဲ့ပုဂ္ဂိုလ် ထက် တောထဲ တောင်ထဲမှာ ဝိုက်မျည်းနေတဲ့ ပုဂ္ဂိုလ်ကို မြတ်စွာဘုရားက ပိုနှစ်သက်တယ်ဆိုတာလည်း ပြောခဲ့တယ်။

မဟာဇနက ဇာတ်တော်ကြီးရယ်၊ စိတ္တဟတ္ထ မထေရ်- စိတ်ကို အလိုလိုက်လွန်းတဲ့ ရဟန်းတစ်ပါး အကြောင်းရယ် ဒါတွေကိုလည်း ပြောခဲ့တယ်။

နိဂုံးချုပ် ပြောလိုက်တာလေးကတော့ အနောင် အဖွဲ့ အကြီးအသေးက အဓိကလား၊ ကိုယ့်ရဲ့ ရုန်းကန်နိုင်မှု ခွန်အား အသေးအကြီးက အဓိကလားဆိုတာလည်း ပြောခဲ့တယ်။ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ရုန်းကန်နိုင်တဲ့ ခွန်အားတွေ ကြီးထွားလာအောင် သတိပဋ္ဌာန်တရားကို ကြိုးစားဖို့လည်း ပြောခဲ့တယ်။

http://www.dhammadownload.com



## တရားနိဂုံး

ပရိသတ်အပေါင်း သူတော်ကောင်းတို့ နေကွမ္မပါရမီနှင့် ပတ်သက်ပြီးတော့ အများကြီး နာယူ မှတ်သားခဲ့ကြပြီ။

ဒီကနေ့ အားထုတ်အပ်သော ဒါန သီလ သမာဓိ ပညာကုသိုလ်ကောင်းမှု အစုစုတို့ကြောင့် နေကွမ္မပါရမီကို ရင့်သထက်ရင့်အောင် ကြိုးစား အားထုတ်ရင်းဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေသတည်း။

**အရှင်ဥတ္တမ**(သစ္စာရွှေစည်)
သစ္စာရွှေစည်ကျောင်းတိုက်
ရွှေမင်းဝံရပ်၊ စစ်ကိုင်းမြို့။
(၉-၅-၂၀၁၇)